ကနဦးပတ်ဝန်းကျင်စစ်ဆေးခြင်း အစီရင်ခံစာ

အောင်ထွန်းလင်းရှိန်ဝင်း မိုင်းနင်းအင်(နှ်)ရီဖိုင်(နှ်)နရီ

ကုမ္ပဏီလီမိတက်

ကန်တောင်ရွှေလုပ်ကွက် (SGU-4B)

ရှောက်ပင်ရိုးဒေသ၊ စဉ့်ကူးမြို့နယ်၊ ပြင်ဦးလွင်ခရိုင်

မန္တလေးတိုင်းဒေသကြီး၊

အစီရင်ခံစာပြုစုရေးသားသူများ

ဦးခင်မောင်အေး	ဦးနေမျိုး	ဒေါ်သင်းသင်း
အဖွဲ့ခေါင်းဆောင်	အဖွဲ့ဝင်	အဖွဲ့ဝင်

၂၀၁၉ ခုနှစ်၊ ဖေဖဝါရီလ ( )ရက်

ကနဦးပတ်ဝန်းကျင်စစ်ဆေးခြင်း အစီရင်ခံစာ

အောင်ထွန်းလင်းရှိန်ဝင်း မိုင်းနင်းအင်(နဲ်)ရီဖိုင်(နဲ်)နရီ

ကုမ္ပဏီလီမိတက်

ကန်တောင်ရွှေလုပ်ကွက် (SGU-4B)

ရှောက်ပင်ရိုးဒေသ၊ စဉ့်ကူးမြို့နယ်၊ ပြင်ဦးလွင်ခရိုင်

မန္တလေးတိုင်းဒေသကြီး၊

အစီရင်ခံစာပြုစုရေးသားသူများ

ဦးခင်မောင်အေး	ဦးနေမျိုး	ဒေါ်သင်းသင်း
အဖွဲ့ခေါင်းဆောင်	အဖွဲ့ဝင်	အဖွဲ့ဝင်

၂၀၁၉ ခုနှစ်၊ ဖေဖဝါရီလ ( )ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
အကျဉ်းချုပ်အစီရင်ခံစာ		
၁.၀ နိဒါန်း		၁
၂.၀ စီမံကိန်းအကြောင်းအရာဖော်ပြချက်		၁
၂.၁ စီမံကိန်းအရွယ်အစား		၁
၂.၂ တပ်ဆင်မှုများ		၁
၂.၃ အသုံးပြုနည်းပညာ		၂
၂.၄ အခြေခံအဆောက်အအုံ		၂
၂.၄.၁ လမ်းပန်းဆက်သွယ်ရေး		၂
၂.၄.၂ အဆောက်အဦးများ		၂
၂.၄.၃ လျှပ်စစ်ဓါတ်အားသုံးစွဲခြင်း		၂
၂.၄.၄ ဆက်သွယ်ရေးစနစ်		၂
၂.၅ ထုတ်လုပ်မှု လုပ်ငန်းစဉ်		၃
၂.၆ ကုန်ကြမ်း နှင့်အရင်းအမြစ်များသုံးစွဲမှု		၃
၂.၆.၁ တစ်နှစ်အတွက် ရေလိုအပ်ချက်နှင့် ရယူသုံးစွဲမည့်ရေအရင်းအမြစ်		၃
၂.၆.၂ တစ်နှစ်အတွက် လောင်စာဆီလိုအပ်ချက်		၄
၂.၇ စွန့်ပစ်ပစ္စည်းထွက်ရှိမှုနှင့် ထုတ်လွှတ်မှု		၄
၂.၇.၁ စွန့်ပစ်ပစ္စည်း (အစိုင်အခဲများ)		၄
၂.၇.၂ စွန့်ပစ်ပစ္စည်း (အရည်များ)		၄
၂.၇.၃ စွန့်ပစ်ပစ္စည်း (အခိုးအငွေ့များ)		၅
၂.၇.၄ ဝန်ထမ်း/လုပ်သားများ၏ စွန့်ပစ်ပစ္စည်း		၅

စဉ်	အကြောင်းအရာ	စာမျက်နှာ

၂.၈ မြေပုံများ ၅

၂.၉ ဓါတ်ပုံများ ၅

၃.၀ စီမံကိန်းအဆိုပြုသူ၏ အကြောင်းအရာဖော်ပြချက် ၅

၃.၁ ကုမ္ပဏီပိုင်ရှင်များ ၅

၃.၂ ဒါရိုက်တာများနှင့် စီမံခန့်ခွဲမှု ၅

၃.၃ စီမံကိန်းအရာရှိများနှင့် စီမံခန့်ခွဲမှု ၆

၃.၄ ခန့်အပ်ထားသည့်လုပ်သားအရေအတွက် ၆

၄.၀ ကနဦးပတ်ဝန်းကျင် စစ်ဆေးခြင်းအစီရင်ခံစာ တာဝန်ရှိသူများ ၇

၄.၁ အဖွဲ့အစည်း ၇

၄.၂ အဖွဲ့ခေါင်းဆောင် ၇

၄.၃ ဖွဲ့စည်းမှုနှင့်တာဝန်များ ၇

၄.၄ သက်ဆိုင်ရာပညာရေးအထောက်အထားများ ၇

၅.၀ ဥပဒေနည်းဥပဒေနှင့်တည်ဆဲဥပဒေများ ၈

၆.၀ ဝန်းကျင်ဆိုင်ရာနှင့် လူမှုစီးပွားရေး အနေအထားများ ၈

၆.၁ ရုပဆိုင်ရာ ၈

၆.၁.၁ မြေမျက်နှာသွင်ပြင်နှင့်မြေဆီလွှာအနေအထား ၈

၆.၁.၂ မြေအသုံးချမှု ၉

၆.၁.၃ မြေလွှာပျက်ပြားမှုနှင့်တိုက်စားမှု ၉

၆.၁.၄ ရာသီဥတုအခြေအနေ ၉

၆.၁.၅ လေထုအခြေအနေနှင့်ဆူညံမှု ၉

၆.၁.၆ အင်း၊အိုင်၊ချောင်း၊မြောင်းများ ၁၀

စဉ်	အကြောင်းအရာ	စာမျက်နှာ

၆.၂	ဇီဝဆိုင်ရာ	၁၀
	၆.၂.၁ သစ်တောနှင့်သစ်သီးဝလံများအခြေအနေ	၁၀
	၆.၂.၂ တောရိုင်းတိရိစ္ဆာန်များ	၁၀
	၆.၂.၃ ငှက်မျိုးစုံအခြေအနေ	၁၀
၆.၃	လူမှုဆိုင်ရာ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ	၁၁
	၆.၃.၁ အိမ်ထောင်စုဦးရေအခြေအနေ	၁၁
	၆.၃.၂ အခြေချနေထိုင်မှု	၁၂
	၆.၃.၃ လူမျိုးစုများ	၁၂
	၆.၃.၄ ပညာရေးအဆင့်အတန်း	၁၂
	၆.၃.၅ အလုပ်အကိုင်နှင့်အသက်မွေးမှုအခြေအနေ	၁၃
	၆.၃.၆ စိုက်ပျိုးမွေးမြူရေးအခြေအနေ	၁၃
	၆.၃.၇ လူထုကျန်းမာရေး	၁၃
	၆.၃.၈ ရွှေ့ပြောင်းနေထိုင်မှု	၁၄
	၆.၃.၉ သယ်ယူပို့ဆောင်ရေးစနစ်	၁၄
	၆.၃.၁၀ လူထုဆက်သွယ်ရေးစနစ်	၁၄
	၆.၃.၁၁ လျှပ်စစ်သုံးစွဲမှု	၁၅
	၆.၃.၁၂ သောက်သုံးရေရရှိမှု	၁၅
	၆.၃.၁၃ ရေအရည်အသွေး	၁၅
	၆.၃.၁၄ တရားဥပဒေစိုးမိုးမှု	၁၆
	၆.၃.၁၅ အစိုးရမဟုတ်သောအဖွဲ့အစည်းများ	၁၆

စဉ်	အကြောင်းအရာ	စာမျက်နှာ

၇.၀သက်ရောက်မှု

၇.၁ ဆိုးကျိုးသက်ရောက်မှုများ ၁၆

၇.၁.၁ မြေမျက်နှာသွင်ပြင်၊လေထုနှင့်မြေအောက်ရေများအပေါ် ဆိုးကျိုးသက်ရောက်နိုင်မှု ၁၆

၇.၁.၂ ဂေဟာစနစ်အပေါ် ဆိုးကျိုးသက်ရောက်နိုင်မှု ၁၇

၇.၁.၃ လူမှုပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်နိုင်မှု ၁၇

၇.၂ ကြွင်းကျန်သက်ရောက်မှုများ ၁၈

၇.၂.၁ မြေမျက်နှာသွင်ပြင်၊လေထုနှင့်မြေအောက်ရေများအပေါ် ကြွင်းကျန်သက်ရောက်မှုများ ၁၈

၇.၂.၂ ဂေဟာစနစ်အပေါ်မှ ကြွင်းကျန်သက်ရောက်မှုများ ၁၉

၈.၀ လုပ်ငန်းခွင်ဘေးအန္တရာယ် ကာကွယ်ရေးစီမံချက် ၁၉

၈.၁ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းစီမံချက် ၂၀

၈.၂ အန္တရာယ်ရှိစေသောပစ္စည်းများ ကိုင်တွယ်ဆောင်ရွက်ခြင်း နည်းလမ်းများ ၂၀

၈.၃ လုပ်ငန်းခွင် ဘေးအန္တရာယ် ကာကွယ်ခြင်း ဆောင်ရွက်မှုများ ၂၁

၈.၄ အရေးပေါ်အခြေအနေတစ်ခုအတွက် ဆက်သွယ်ဆောင်ရွက်ရမည့်ဌာနများ ၂၂

၉.၀ ပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း ၂၂

၁၀.၀ ကုစားသည့် နည်းလမ်းများ ၂၆

၁၀.၁ ဗြုန်းမြေထုတ်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကုစားသည့်နည်းလမ်း ၂၆

၁၀.၂ မြေဆီလွှာနှင့် မြေပေါ်/မြေအောက်ရေများညစ်ညမ်းမှုမဖြစ်စေရန် ကုစားသည့်နည်းလမ်း ၂၆

၁၀.၃ ဝန်းကျင်ဂေဟာစနစ်အပေါ် ကုစားသည့်နည်းလမ်းများ ၂၆

စဉ်	အကြောင်းအရာ	စာမျက်နှာ

၁၀.၄ လူမှုစီးပွားဘဝ အခြေအနေအပေါ် ကုစားသည့်နည်းလမ်းများ ၂၆

၁၁.၀ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် ၂၇

၁၁.၁ အကြိုတည်ဆောက်ခြင်း ၂၇

၁၁.၂ တည်ဆောက်ခြင်း ၂၇

၁၁.၃ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း ၂၇

၁၁.၄ လုပ်ငန်းရပ်ဆိုင်းခြင်း ၂၇

၁၁.၅ စီမံကိန်းပိတ်သိမ်းခြင်း ၂၇

၁၁.၆ စီမံကိန်းပိတ်သိမ်းပြီးကာလဆက်လက်ဆောင်ရွက်ခြင်း ၂၈

၁၂.၀ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရန်ပုံငွေလျာထားခြင်း ၂၉

၁၂.၁ လုပ်ငန်းကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း ၃၀

၁၂.၂ လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်း ၃၁

၁၂.၃ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ခြင်း ၃၁

၁၂.၄ ကုမ္ဂဏီ၏ လူမှုရေးဆိုင်ရာတာဝန်များ ဆောင်ရွက်ခြင်း ၃၂

၁၃.၀ အကြံပြုချက် ၃၃

၁၄.၀ နိဂုံး ၃၄

- ကတိကဝတ်
- မှီငြမ်းစာအုပ်စာတမ်းများ
- နောက်ဆက်တွဲများ

အကျဉ်းချုပ်အစီရင်ခံစာ

၁။ စီမံကိန်းဖြစ်ပေါ်လာပုံနှင့် သက်ဆိုင်ရာဌာနများ

ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများသည် နိုင်ငံတော်၏စီးပွားရေးကို တစ်ဖက်တစ်လမ်းမှပ့ံပိုး ဖြည့်ဆည်းပေးလျှက်ရှိပါသည်။ အသေးစားရွှေသတ္တုတူးဖော်ရေး လုပ်ကွက်များအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသို့ လျှောက်ထားပြီး သက်ဆိုင်ရာတိုင်းဒေသကြီး ထောက်ခံချက်၊ သစ်တောဦးစီးဌာန ထောက်ခံချက်များ ရယူဆောင်ရွက်ပါသည်။ ၎င်းနောက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် လည်းကောင်း၊ သစ်တောဦးစီးဌာနနှင့် လည်းကောင်း စာချုပ်ချုပ်ဆို၍ ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

၂။ စီမံကိန်းအကြောင်းအရာနှင့် သက်တမ်းလျာထားချက်

အောင်ထွန်းလင်းရှိန်ဝင်း မိုင်းနင်းအင်(နှ်)ရီဖိုင်(နှ်)နရီ ကုမ္ပဏီလီမိတက်သည် ကုမ္ပဏီမှတ်ပုံတင် အမှတ်၊ ၁၃၉၇/၁၉၉၈-၁၉၉၉ အရ (၂၅.၂.၁၉၉၉)ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ရာ မန်နေဂျင်းဒါရိုက်တာမှာ ဦးဝင်းလွင်ဦး ဖြစ်ပြီး ဒါရိုက်တာ အဖွဲ့ဝင်(၂)ဦးရှိပါသည်။ ကုမ္ပဏီသည် ရွှေသတ္တုအသေးစား ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်လုပ်ငန်းဆောင်ရွက်ရန်မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ကန်တောင်ဒေသရှိ ရွှေလုပ်ကွက် ဧရိယာ (၂၀) ဧကရှိသော (SGU- 4B) မြေပုံအညွှန်း၊ ၉၃ဘီ/၂ (A-792135, B- 789135, C- 789138, D-792138)အား ခွင့်ပြုမိန့် လျှောက်ထားခဲ့ရာ ယခင်သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်း လုပ်ငန်း၏ ဓါတ်သတ္တုအသေးစား တူးဖော်ထုတ်လုပ်ခြင်း ခွင့်ပြုမိန့်အမှတ်၊ ၀၃၀၄/၂၀၀၉ ကို (၁.၁၂.၂၀၀၉)ရက်နေ့တွင်ရရှိခဲ့ပါသည်။ ကုမ္ပဏီ၏ ဆက်သွယ်ရန် လိပ်စာမှာအမှတ်(၁၅၂)၊ ၇၈လမ်း၊ ၃၉-လမ်းနှင့် လမ်း(၄၀)ကြား၊ မဟာအောင်မြေမြို့ မန္တလေးမြို့ဖြစ်ပြီး ဆက်သွယ်ရန် ဖုန်းနံပါတ်များမှာ ၀၂-၃၃၅၁၀၊ ၀၂-၈၁၅၉၇၊ ၀၉-၅၁၂၆၅၅၂ ဖြစ်ပါသည်။ ကုမ္ပဏီ၏မှတ်ပုံတင်လက်မှတ် အထောက်အထားများအား နောက်ဆက်တွဲ (က-၁) တွင်ဖော်ပြထားပါသည်။

မူလစာချုပ်သက်တမ်း (၃)နှစ်အား (၁.၁၂.၂၀၀၉ မှ ၃၀.၁၁.၂၀၁၂)ရက်နေ့အထိ လုပ်ကိုင်ဆောင်ရွက်ပြီးနောက် ပထမအကြိမ်သက်တမ်း (၁.၁၂.၂၀၁၂ မှ ၃၀.၁၁.၂၀၁၃)၊ ဒုတိယအကြိမ်သက်တမ်း(၁.၁၂.၂၀၁၃မှ၃၀.၁၁.၂၀၁၄)၊ တတိယအကြိမ်သက်တမ်း(၁.၁၂.၂၀၁၄မှ ၃၀.၁၁.၂၀၁၅)၊ စတုတ္ထအကြိမ်သက်တမ်း (၁.၁၂.၂၀၁၅ မှ ၃၀.၁၁.၂၀၁၆)အထိ စာချုပ်သက်တမ်းများကို တိုးမြှင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် အကြိုတည်ဆောက်ခြင်းနှင့် တည်ဆောက်ခြင်း ကာလများကိုသာ ဆောင်ရွက်နေရပြီးထုတ်လုပ်ခြင်း အဆင့်သို့ တိုးတက်ဆောင်ရွက်နိုင်ရန် ကန့်သတ်ချက်များ ရှိခြင်း၊ လုပ်ငန်းအခြေခံ အဆောက်အအုံများအတွက် ရင်းနှီးမြှုပ်နှံထားရမှုများစွာရှိခြင်းတို့ကြောင့် နောက်ထပ်(၇)နှစ်ခန့် ဆက်လက် သက်တမ်းတိုးမြှင့်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၃။ အစီရင်ခံစာရေးသားခြင်း နည်းလမ်းနှင့် အထောက်အထားများ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မူဂါဒနှင့် လမ်းညွှန်ချက်များအရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတို့၏ လုပ်ထုံးလုပ်နည်းများ၊ တည်ဆဲဥပဒေ နည်းဥပဒေများကို အခြေခံ၍လည်းကောင်း၊ ဒေသအတွင်း စီမံကိန်းလုပ်ငန်း လုပ်ဆောင်ခြင်း မှ ရရှိသော အတွေ့အကြုံများ၊ ဒေသခံပြည်သူလူထုများ၊ တိုင်းရင်းသား လူမျိုးစုများ၏ သဘောထား၊ ပထဝီဆိုင်ရာ အချက်အလက်များနှင့် အခြေခံအဆောက်အအုံများကို အခြေခံ၍ လည်းကောင်း လေ့လာပြုစုရေးသားခဲ့ပါသည်။ (၁၄-၁၁-၂၀၁၆)ရက်နေ့ကျင်းပပြုလုပ်သောသယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ၏ (၁၄/၂၀၁၆) ကြိမ်မြောက် အစည်း အဝေးဆုံးဖြတ်ချက်အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)များ ရေးသားခြင်း၊ စီစစ် သုံးသပ်ခြင်း လုပ်ငန်းများအတွက် ထုတ်ပြန်ပေးထားသော ပုံစံအတိုင်း ရေးသားပြုစုထားပါသည်။

၄။ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်နှင့် စံချိန်စံညွှန်းများ၊ နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များ

အောင်ထွန်းလင်းရှိန်ဝင်း မိုင်းနင်းအင်(နှ)ရီဖိုင်(နှ)နရီ ကုမ္ပဏီအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ရေးသားရာတွင် မြန်မာ့သတ္တုတွင်းဥပဒေ(၁၉၉၄)၊ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅)၊ အခန်း(၂) ပုဒ်မ(၃)ပါ ဥပဒေ၏ ရည်ညွှန်းချက်များ၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ (၂၀၁၈)၊ အမျိုးသားပတ်ဝန်းကျင်ရေးမူဂါဒ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) အခန်း(၄)ပုဒ်မ(၇)၊ အခန်း(၆) ပုဒ်မ(၁၀)နှင့်(၁၂)၊ အခန်း (၇) ပုဒ်မ(၁၃)၊ အခန်း(၈) ပုဒ်မ(၁၇)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ(၂၀၁၄)၊ အခန်း (၉) ပုဒ်မ(၄၁)၊ ၁၉၅၁ခုနှစ် အလုပ်ရုံများ အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၂၀၁၆)၊ အလုပ်သမားအဖွဲ့အစည်းဥပဒေ(၂၀၁၁)၊ လူမှုဖူလုံရေး ဥပဒေ(၂၀၁၂)၊ အခကြေးငွေပေးချေရေးဥပဒေ၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ်(၁၇)(၂၀၁၆)၊ အနည်းဆုံးအခကြေးငွေဥပဒေ(၂၀၁၃)၊ အလုပ်သမားလျော်ကြေးငွေအက်ဥပဒေ(၁၉၅၁)၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၈)(၂၀၁၆)၊ ပြည်သူ့ကျန်းမာရေး ဥပဒေ(၁၉၇၂)။ သစ်တော ဥပဒေ(၁၉၉၂)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၁၆)၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ(၂၀၁၃)၊ မြေအောက်ရေဥပဒေ (၁၉၃၈)၊ ဓါတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ(၂၀၁၃)၊ အခန်း (၁၄၊၁၅၊၁၆)၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေ (၂၀၁၅)၊ တောရိုင်းတိရိစ္ဆာန်များနှင့်သဘာဝအပင်များ ထိန်းသိမ်းရေးဥပဒေ(၁၉၉၄)၊ တောရိုင်းတိရိစ္ဆာန်များနှင့်သဘာဝအပင်များ ထိန်းသိမ်းရေးနည်း ဥပဒေ(၂၀၀၂)၊ The Emergency Prevision Act(1950)၊ The Explosive Substances act(1908)၊ မူလစာချုပ်ပါ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များ စသည်ဖြင့် ကျယ်ကျယ် ပြန့်ပြန့် လေ့လာ၍ အစီရင်ခံစာ ရေးသားခဲ့ပါသည်။

၅။ လက်ရှိပတ်ဝန်းကျင် အခြေအနေ

၅.၁ သဘာဝပတ်ဝန်းကျင် အခြေအနေ

စီမံကိန်းလုပ်ငန်းတည်ရှိရာဒေသသည် နေပြည်တော်မှ မန္တလေးမြို့သို့(၁၆၀)မိုင်၊ မန္တလေး-မြစ်ကြီးနား ကားလမ်းမအတိုင်း မန္တလေးမှ စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက် ကျေးရွာအထိ (၆၀)မိုင်ခန့်၊ ၎င်းမှ ကန်တောင်ဒေသသို့ (၅)မိုင်ခန့် ကွာဝေး၍ ကွန်ကရစ်လမ်းဖြင့် သွားလာနိုင်ပါသည်။ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းဒေသ ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ် တောင်တန်းဒေသများ အကြား တည်ရှိပြီး ဖွံ့ဖြိုးမှုနည်းပါးသော အောက်မတ္တရာ သစ်တောကြီးဝိုင်းဧရိယာ ဖြစ်ပါသည်။ စီမံကိန်းဧရိယာသည် (၂၀)ဧက ကျယ်ဝန်းပြီး ကန်တောင်ရွာနှင့် (၂)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ဒေသခံပြည်သူများ၏ အခြေချ နေထိုင်သောမြေ၊ စိုက်ပျိုးမွေးမြူရေး အသုံးပြုနေသော မြေများနှင့် လွတ်ကင်းမှုရှိသော ဧရိယာဖြစ်ပါသည်။ စာပိုဒ် (၆-၁)တွင် ဖော်ပြထားပါသည်။

၅.၂ ဇီဝဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေ

စီမံကိန်းတည်ရှိရာဒေသသည် စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုးအုပ်စု၊ ကန်တောင်ဒေသ၊ အောက်မတ္တရာ ကြိုးဝိုင်းဧရိယာဖြစ်ပြီး အပူပိုင်းရွက်ပြတ် ရောနှောများရှိပါသည်။ ရေမြေရာသီဥတု သင့်တင့်မျှတသော နေရာဖြစ်ခြင်း၊ သဘာဝပေါက်ပင်နှင့် တောကျန်ဧရိယာ များပြားခြင်းတို့ကြောင့် ငှက်မျိုးစုံနှင့် သဘာဝ တောရိုင်းတိရိစ္ဆာန်များ နေထိုင်ကျက်စားမှုရှိသောဒေသ ဖြစ်ပါသည်။ အချို့နေရာများတွင် ဒေသခံများခုတ်ယူအသုံးပြုခြင်း၊ အစိုးရသစ်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကြောင့် တောနိမ့်၊ တောပျက်များရှိပါသည်။ သဘာဝတောရိုင်းတိရိစ္ဆာန်များ ခိုလှုံ၍ ဘေးမဲ့ပေးထားသောနေရာ၊ အမျိုးသား သဘာဝဥယျာဉ်၊ ကြားခံသဘာဝနယ်မြေနှင့် ပြုစုထိန်းသိမ်းထားသော နယ်မြေများမှ လွတ်ကင်းသော ဧရိယာဖြစ်ပါသည်။ စာပိုဒ် (၆-၂)တွင် ဖော်ပြထားပါသည်။

၅.၃ လူမှုစီးပွားနှင့် ရိုးရာဓလေ့ဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေ

စီမံကိန်းဧရိယာသည် ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာ၊ ကန်တောင်ဒေသတစ်ပိုက်ရှိ ပြည်သူလူထု၏ လူမှုစီးပွားအခြေအနေများအား အသေးစိတ် ဖော်ပြ ထားပါသည်။ စီမံကိန်းဧရိယာသည် ပြည်သူလူထု၏ အပန်းဖြေအနားယူသော နေရာများ၊ ယဉ်ကျေးမှုနယ်မြေများနှင့် လွတ်ကင်းသောဧရိယာ ဖြစ်ပါသည်။ စာပိုဒ် (၆-၃) တွင် ဖော်ပြထားပါ သည်။

၆။ သက်ရောက်မှုများ

၆.၁ စီမံကိန်းလုပ်ငန်းများ၏သဘာဝပတ်ဝန်းကျင်အခြေအနေအပေါ် ဆိုးကျိုးသက်ရောက်မှုများ

စာပိုဒ် (၇.၁.၁)တွင် ဖော်ပြထားပါသည်။

၆.၂ ဂေဟာစနစ်အပေါ် ဆိုးကျိုးသက်ရောက်မှုများ

စာပိုဒ် (၇.၁.၂)တွင် ဖော်ပြထားပါသည်။

၆.၃ လူမှုပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု

စာပိုဒ်(၇.၁.၃)တွင် ဖော်ပြထားပါသည်။

၆.၄ ကြွင်းကျန် သက်ရောက်မှုများ

စာပိုဒ်(၇.၂)တွင် ဖော်ပြထားပါသည်။မြေပေါ်၊ မြေအောက်ကြွင်းကျန်သက်ရောက်မှုကို စာပိုဒ်(၇.၂.၁) တွင်လည်းကောင်း၊ ဂေဟစနစ်အပေါ် ကြွင်းကျန်သက်ရောက်မှုကို စာပိုဒ်(၇.၂.၂) တွင်လည်းကောင်း၊ ဖော်ပြထားပါသည်။

၆.၅ လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်

စာပိုဒ်(၈.၁)တွင် ဖော်ပြထားပါသည်။

၆.၆ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း

စာပိုဒ်(၉.၁)တွင် ဖော်ပြထားပါသည်။

၆.၇ ကုစားသည့်နည်းလမ်းများ

စီမံကိန်းလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်နှင့် လူမှုပတ်ဝန်းကျင်များ အပေါ် ဆိုးကျိုးသက်ရောက်မှုများအား မဖြစ်ပေါ်စေရန်နှင့် လျော့ချစေရန် ကုစားရမည့် နည်းလမ်း များအား စာပိုဒ်(၁၀.၁)တွင် ဖော်ပြထားပါသည်။

၆.၇။ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (EMP)

အကြို တည်ဆောက်ခြင်း	။ စာပိုဒ်(၁၁. ၁)တွင် ဖော်ပြထားပါသည်။
တည်ဆောက်ခြင်း	။ စာပိုဒ်(၁၁. ၂)တွင် ဖော်ပြထားပါသည်။
လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း	။ စာပိုဒ်(၁၁. ၃)တွင် ဖော်ပြထားပါသည်။
လုပ်ငန်းရပ်ဆိုင်းခြင်း	။ စာပိုဒ်(၁၁. ၄)တွင် ဖော်ပြထားပါသည်။

၇။ စီမံကိန်း ပိတ်သိမ်းခြင်းအစီအစဉ်

စာပိုဒ် (၁၁.၅)တွင် စီမံကိန်းပိတ်သိမ်းခြင်းနှင့် စာပိုဒ်(၁၁.၆)တွင် စီမံကိန်းပိတ်သိမ်းပြီး ကာလဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ဖော်ပြထားပါသည်။

၈။ စောင့်ကြပ်ကြည့်ရှုခြင်းနှင့်ရန်ပုံငွေ လျာထားခြင်း

စာပိုဒ် (၁၂.၁)တွင် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ ကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းစဉ် များကို ဖော်ပြထားပြီး၊ ကုမ္ဂဏီပုံမှန်အသုံးစရိတ်၏ ၂% အားဒေသဖွံ့ဖြိုးရေး ရန်ပုံငွေအဖြစ် လျာထား ကြောင်း သိရပါသည်။

၉။ ကုမ္ပဏီ၏ လူမှုရေးဆိုင်ရာတာဝန်များ ဆောင်ရွက်ခြင်း

စာပိုဒ် (၁၂.၄) တို့တွင် ဖော်ပြထားပြီး၊ နောက်ဆက်တွဲ (ဂ-၄)တွင်ပူးတွဲဖော်ပြထားပါသည်။

၁၀။ သုံးသပ်တင်ပြချက်နှင့် နိဂုံးချုပ်

စာပိုဒ်(၁၃)တွင် ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများအား လျော့ချနိုင်မည့် နည်းလမ်းများ၊ မြေအောက်သတ္တုတူးဖော်ခြင်းလုပ်ငန်းများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး ဆိုင်ရာ ကျင့်ဝတ်များကို အကြံပြုချက်(Recommendation) အား တင်ပြထားပါသည်။

စာပိုဒ်(၁၃) နိဂုံးပိုင်းတွင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေချိန် အတွင်းဖြစ်စေ၊ ပြီးဆုံးချိန်အတွင်းဖြစ်စေ၊ ပတ်ဝန်းကျင်ထိခိုက်မှုကိုဖြစ်စေမည့် ဆောင်ရွက်ချက်များကို ရှောင်ကျဉ်ခြင်းဖြင့်လည်းကောင်း၊ လျော့ချကာကွယ်ရေးနည်းလမ်းများကိုအသုံးပြု၍ လည်းကောင်း သဘာဝသယံဇာတများကို စနစ်တကျတူးဖော်ထုတ်လုပ်ခြင်းအားဖြင့် လူတန်းစားအလွှာ အသီးသီး အတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေခြင်း ဒေသအတွင်းလူမှုစီးပွားရေး ဘဝဖွံ့ဖြိုးတိုးတက် စေခြင်း၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာများ တိုးပွားရရှိစေခြင်းစသော အကျိုးကျေးဇူးများ ဖြစ်ထွန်း စေမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

၁.၀ နိဒါန်း

အောင်ထွန်းလင်းရှိန်ဝင်း မိုင်းနင်းအင်(နှ)ရီဖိုင်(နှ)နရီ ကုမ္ပဏီလီမိတက်သည် ကုမ္ပဏီ မှတ်ပုံတင် အမှတ်၊ ၁၃၉၇/၁၉၉၈-၁၉၉၉ အရ (၂၅.၂.၁၉၉၉)ရက်နေ့တွင် စတင်ဖွဲ့စည်း တည်ထောင် ခဲ့ရာ မန်နေဂျင်း ဒါရိုက်တာမှာ ဦးဝင်းလွင်ဦး ဖြစ်ပြီး ဒါရိုက်တာ အဖွဲ့ဝင်(၂)ဦးရှိပါသည်။ ကုမ္ပဏီသည် ရွှေသတ္တုအသေးစား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် လုပ်ငန်းဆောင်ရွက်ရန် မန္တလေးတိုင်း ဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ကန်တောင်ဒေသရှိ ရွှေလုပ် ကွက် ဧရိယာ(၂၀)ဧကရှိသော (SGU- 4B) မြေပုံအညွှန်း၊ ၉၃ ဘီ/၂ (A-792135, B- 789135, C-789138,D- 792138)အား ခွင့်ပြုမိန့် လျှောက်ထားခဲ့ရာ ယခင်သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ ဓါတ်သတ္တုအသေးစား တူးဖော်ထုတ်လုပ်ခြင်း ခွင့်ပြုမိန့်အမှတ်၊ ၀၃၀၄/၂၀၀၉ ကို (၁.၁၂.၂၀၀၉)ရက်နေ့တွင် ရရှိခဲ့ပါသည်။ ကုမ္ပဏီ၏ ဆက်သွယ်ရန်လိပ်စာမှာ အမှတ်(၁၅၂)၊ ၇၈လမ်း၊ (၃၉လမ်းနှင့် ၄၀လမ်း)ကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ဖြစ်ပြီး ဆက်သွယ်ရန် ဖုန်းနံပါတ်များမှာ၊ ၀၂- ၃၃၅၁၀၀၊ ၀၂- ၈၁၅၉၇၊ ၀၉- ၅၁၂၆၅၅၂ ဖြစ်ပါသည်။ ကုမ္ပဏီ၏ မှတ်ပုံတင် လက်မှတ် အထောက်အထားများအား နောက်ဆက်တွဲ (က- ၁)တွင် ဖော်ပြထားပါသည်။

မူလစာချုပ်သက်တမ်း(၃)နှစ်အား(၃၀.၁၁.၂၀၁၂)ရက်နေ့အထိ လုပ်ကိုင်ဆောင်ရွက်ပြီးနောက် ပထမအကြိမ်မှစတုတ္ထအကြိမ်အထိ စာချုပ်သက်တမ်းတိုးခြင်းကို (၁.၁၂.၂၀၁၂) မှ (၃၀.၁၁.၂၀၁၆) အထိတိုးမြှင့်လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။သို့ရာတွင် တည်ဆောက်ဆဲဖြစ်သောကြောင့် မြေအောက် တူးဖော်မှုစနစ်အရ လုပ်ငန်းတိုးတက်ပြီးစီးနိုင်မှု ကန့်သတ်ချက်များရှိခြင်း၊ လုပ်ငန်းအခြေခံ အဆောက် အအုံများအတွက် ရင်းနှီးမြှုပ်နှံထားရမှုများစွာရှိခြင်းတို့ကြောင့် နောက်ထပ်(၇)နှစ်ခန့် ဆက်လက် သက်တမ်းတိုးမြှင့်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂.၀ စီမံကိန်းအကြောင်းအရာဖော်ပြချက်

၂.၁ စီမံကိန်းအရွယ်အစား

အသေးစားရွှေသတ္တု တူးဖော်ရေးလုပ်ကွက် ဧရိယာ(၂၀)ဧက (၀.၀၈၀၉)စတုရန်းကီလိုမီတာ ဖြစ်ပြီး တစ်နှစ်လျှင် စွန့်ပစ်မြေစာ၊ ဖြုန်းကျောက်စာ တန်(၅၀၀)ခန့်သာ ထွက်ရှိနိုင်မည့်လုပ်ငန်း ဖြစ်ပါသည်။

၂.၂ တပ်ဆင်မှုများ

ပင်မလှိုက်အတွင်း (Winch)စင် (၁)စုံ၊ ဖြုန်းမြေသယ်ယာဉ် (၂)စီး၊ မီးစက်(၃)လုံး၊ လေမှုတ်စက် (Air Compressor) (၂)လုံး၊ ရေစုပ်စက် (၂)လုံး၊ ရုံးလုပ်ငန်းသုံး ယာဉ်(၁)စီး၊ အုပ်ချုပ်မှုယာဉ် (၁)စီး ထားရှိကာ အသုံးပြုပါသည်။

၂.၃ အသုံးပြုနည်းပညာ

အစောင်းဆင်းတွင်း တူးဖော်နည်းစနစ် (Inclined Shaft)ဖြင့် မြေအောက်လိုဏ်ခေါင်း တူးဖော်နည်း (Underground Mining Method)အသုံးပြုတူးဖော်ပါမည်။ ရွှေသတ္တုပါဝင်သည့် ဗြုန်းကျောက်အလွှာ (Quartz Vein)အား လိုဏ်ခေါင်း အဆင့်ဆင့်ဖြင့် ရှာဖွေတူးဖော်ပြီး ဗြုန်းစာ ခဲများအား မြေပြင်ပေါ်တွင် ကြိတ်ခွဲသန့်စင်၍ ရွှေသတ္တုထုတ်ယူခြင်းနည်းလမ်းကို အသုံးပြုသွား ပါမည်။ အောင်ထွန်းလင်းရှိန်ဝင်း ကုမ္ပဏီ လုပ်ကွက်အတွင်းမှ ထွက်ရှိလာသော ရွှေပါဗြုန်းမြေစာ (Raw Ore)များအား ရွှေသတ္တုအဖြစ် သန့်စင်ထုတ်လုပ်ခြင်းအတွက် မိတ်ဖက်ကုမ္ပဏီဖြစ်သော ထက်ရည်လင်းကုမ္ပဏီ လုပ်ကွက် (SGU-2B)တွင် တည်ဆောက်ထားသည့် ရွှေသန့်စင်အလုပ်ရုံ Processing Plant သို့ ပို့ဆောင်ထုတ်လုပ်ပါသည်။

၂.၄ အခြေခံအဆောက်အအုံ

၂.၄.၁ လမ်းပန်းဆက်သွယ်ရေး

မန္တလေးမှ စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာအထိ ကတ္တရာလမ်းအတိုင်း မိုင်(၆၀)ခန့် ရာသီမရွေးသွားလာနိုင်ပါသည်။ ကျည်တောက်ပေါက်မှ ကန်တောင်ရွာအထိ ကွန်ကရစ်လမ်း (၂)မိုင်ခန့် ကွာဝေးပြီး ကန်တောင်ရွာမှ လုပ်ကွက်နေရာသို့ (၁)မိုင်ခန့် ကျောက်ခင်းလမ်းအတိုင်း ရာသီမရွေး သွားလာနိုင်ပါသည်။

၂.၄.၂ အဆောက်အဦးများ

ဝန်ထမ်း/လုပ်သားအိပ်ဆောင် (၂)လုံး၊ စားဖိုဆောင် (၁)ဆောင်၊ ပစ္စည်းသိုလှောင်ရုံ (၁)လုံး၊လုံခြုံရေးအဆောက်အဦး(၁)လုံးဆောက်လုပ်အသုံးပြုလျက်ရှိပါသည်။ ဆောက်ထား သော အဆောက်အဦးများမှာ သွပ်မိုး၊ ပျဉ်ခင်း၊ ဝါးထရံကာဖြင့် ယာယီ အဆောက်အဦး များဖြစ်ပြီး အလျား(၄၀)ပေ၊ အနံ(၂၀)ပေ ခန့်သာရှိပါသည်။ အဆောက်အဦး တစ်ခုနှင့်တစ်ခု ပေ(၃၀)မှ ပေ(၁၀၀)အတွင်းခြား၍ တည်ဆောက်သွားပါမည်။

၂.၄.၃ လျှပ်စစ်ဓါတ်အားသုံးစွဲခြင်း

မြန်မာ့လျှပ်စစ်ဓါတ်အားပေးလုပ်ငန်းမှ ဖြန့်ဝေပေးသော လျှပ်စစ်မီးအား လက်ပန်လှ ဓါတ်အားခွဲရုံမှ (၂၄)နာရီရရှိပြီး၊ ကျေးရွာနှင့် ကုမ္ပဏီလုပ်ကွက်အလိုက် ထရန်စဖော်မာများ တပ်ဆင် အသုံးပြုပါသည်။ ကုမ္ပဏီမှ (၂၀၀)ကေဗွီအေမီးစက်(၁)လုံး အရန်အဖြစ်ထားရှိပါ သည်။

၂.၄.၄ ဆက်သွယ်ရေးစနစ်

ဆက်သွယ်ရေး အော်ပရေတာစနစ်များဖြစ်သည့် GSM, CDMA, Telenor, Oredoo စသော ဖုန်းလိုင်းများအားလုံး ကောင်းမွန်စွာ အသုံးပြုနိုင်ပါသည်။ အင်တာနက်လိုင်းများ အသင့်အတင့် ကောင်းမွန်ပါသည်။

၂.၅ ထုတ်လုပ်မှုလုပ်ငန်းစဉ်။ နောက်ဆက်တွဲ (က- ၂)တွင် ဖော်ပြထားပါသည်။

၂.၆ ကုန်ကြမ်းနှင့် အရင်းအမြစ်များသုံးစွဲမှု

မြေအောက်တူးဖော်မှုစနစ်တွင် လိုချင်ခေါင်းများ တူးဖော်ခြင်းအတွက် ယမ်း(Emulsion Explosive)၊ အနေးယမ်းကြိုး(Safety Fuse)၊ အမြန်ယမ်းကြိုး၊ စနက်တံ(Detonator)တို့ကို အသုံးပြု၍ မိုင်းခွဲ ဖယ်ရှားခြင်း နည်းလမ်းဖြင့်ပြုလုပ်သွားပါမည်။ ရွှေသတ္တုတူးဖော်ထုတ်လုပ် ရာတွင် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှသတ်မှတ်ပေးထားသောယမ်း (Emulsion Explosive)၊ အနေးယမ်းကြိုး (Safety Fuse)၊ စနက်တံ (Detonator) များအား ၀ယ်ယူအသုံးပြု၍ သပိတ်ကျင်းမြို့နယ်၊ (၇)မိုင်တွင်တည်ရှိသော အမှတ်(၂)လေ့ကျင့်ရေးတပ်အတွင်းရှိ စုပေါင်း ယမ်းသိုလှောင်ရုံတွင် ယာယီအပ်နံထားရှိပါသည်။ ၎င်းနောက် လုပ်ကွက်အတွက်လိုအပ်ချက် အရတစ်ပါတ်တစ်ကြိမ် လုံခြုံမှုအစီအမံဖြင့် ထုတ်ယူသုံးစွဲပါသည်။ ယမ်းနှင့်ဆက်စပ်ပစ္စည်းများ သုံးစွဲမှုအချိုးအစားမှာ မြေမျက်နှာသွင်ပြင် ကျောက်သားမာကျောမှု ယမ်းတွင်းအတိမ်အနက် ပေါ်မူတည်၍ Emulsion Explosive, Detonator, Safety Fuse, Cordtex Fuse, Primer-CE များကိုအသုံးပြု ယမ်းဖောက်ခွဲပါသည်။ လုပ်ကွက်အတွင်းယမ်းအသုံးပြုမှု တစ်ရက်လျှင် (၂) ကြိမ်နှုန်းဖြစ်၍ Secondary Blasting ကိုလုပ်ငန်းလိုအပ်ချက်ရှိမှသာပြုလုပ်သုံးစွဲပါသည်။ တစ်ရက်အသုံးပြုသည့် ယမ်းပမာဏမှာ (11.2kg/day)ခန့် ဖြစ်၍ တစ်နှစ်ပျဉ်းမျှအသုံးပြုမည့် ယမ်းပမာဏမှာ (4000kg/year) ခန့်ဖြစ်ပါသည်

၀င့်စင်နှင့် ၀င့်ကြိုးများ၊ လေမှုတ်စက်၊ မီးစက်နှင့် လက်ကိုင် ကျောက်ဖောက်စက်များ အသုံးပြု၍ ဆောင်ရွက်သွားပါမည်။ ကျောက်ပြုန်းမြေစာများ သယ်ယူခြင်းအတွက် သံဘီးပါ လက်တွန်းလှည်းများ၊ မြေသယ်ယာဉ် များ အသုံးပြုဆောင်ရွက်ပါမည်။

၂.၆.၁ တစ်နှစ်အတွက်ရေလိုအပ်ချက်နှင့် ရယူသုံးစွဲမည့်ရေအရင်းအမြစ်

ကုမ္ပဏီ၀နန်ထမ်းများအတွက် သောက်သုံးရေ၊ စက်ယန္တရားများအတွက် လိုအပ်သော ရေ၊ လုပ်ကွက်ဧရိယာနှင့် ဆက်သွယ်ရေးလမ်းများ၊ စိုက်ပျိုးပင်များ ပက်ဖျန်းရန်အတွက် တစ်နှစ်လျှင် ရေ၀ါလန်ပေါင်း (၇.၅)သိန်းခန့် လိုအပ်ကြောင်း ခန့်မှန်းရရှိပါသည်။ မြေအောက် လုပ်ကွက်အတွင်းမှ ထွက်ရှိသောရေအား ရေစုပ်စက်ဖြင့် စုပ်ထုတ်ဖယ်ရှားပြီး ၀နန်ထမ်း

လုပ်သားများအတွက် ရေလုံလောက်စွာသုံးစွဲနိုင်ရန် စီမံဆောင်ရွက်ထားပါသည်။ ကျေးရွာလူထုအတွက် ကုမ္ဗဏီမှ အဂီစိတွင်းတူး၍ မီတာ(၁၀၀)ခန့်အနက်မှ စုပ်တင်လှူဒါန်းပေးပါ သည်။

၂.၆.၂ တစ်နှစ်အတွင်း လောင်စာဆီလိုအပ်ချက်

အသုံးပြုလျက်ရှိသော ယာဉ်/ စက်ယန္တရား၊ ရေစက်၊ မီးစက်များအတွက် အောက်ပါအတိုင်း လိုအပ်ပါသည် -

- ဒီဇယ်ဆီ (၁၈၀) ပေပါ ။
- ဓါတ်ဆီ (၃) ပေပါ ။
- အင်ဂျင်ဝိုင် (၁) ပေပါ ။

၂.၇ စွန့်ပစ်ပစ္စည်းထွက်ရှိမှုနှင့် ထုတ်လွှတ်မှု

၂.၇.၁ အစိုင်အခဲအမျိုးအစား

တနှစ်ထုတ်လုပ်မှုမှာ ပြုံးကြောနှင့် ဘေးကျောက်သားထုအပါအဝင် မြေသားထု(၁၀၅၀)တန်ခန့်တူးဖော်၍ ၄၀%Recovery rate အရပြုံးအိပ် (၈၄၀၀)အိပ် တန်ချိန်အားဖြင့် (၄၂၀)ခန့်အား ထုတ်လုပ်ခဲ့ပြီးရွှေမပါသော ကျောက်ရိုင်းပြုန်းများမှာ လှိုဏ်ကျင်းများ ဖောက်လုပ်ချိန် ထွက်ရှိနိုင်ပြီး ၄င်းကျောက်ရိုင်းများအား ချိုင့်ပှမ်းများ၊ တောင်စောင်းများတွင် ယာယီစုပုံထားပြီး လမ်း၊ တံတားနှင့် အဆောက်အဦး လုပ်ငန်းများတွင် အသုံးပြုပါသည်။ ရွှေထုတ် ယူပြီးထွက်ရှိသော သဲစာများကိုလည်း ကျင်းတူး စုပုံထားပြီး ကျင်းဟောင်းများတွင် ပြန်လည်ထည့်သွင်းခြင်း၊တည်ဆောက်ရေး လုပ်ငန်းများတွင်အသုံးပြုခြင်း ဆောင်ရွက်ပါသည်။ လူ့အသုံးအဆောင် စွန့်ပစ်ပစ္စည်းများအား အမှိုက်ကျင်းများထားရှိ၍ စွန့်ပစ်ခြင်း၊ ပြာဖြစ်အောင် မီးရှို့ပြီးအပေါ်ယံမြေသားဖုံးအုပ်ခြင်း ဆောင်ရွက်ပါသည်။

၂.၇.၂ အရည်အမျိုးအစား

မြေအောက်သတ္တုတူးဖော်ခြင်းစနစ် (Underground Mining Method)သည် စွန့်ပစ်ရေပမာဏ အမြောက်အများ မထွက်ရှိသော်လည်း ထွက်ရှိသော ရေများ (Process water, Run-off water, Waste water) စုစုပေါင်းနေ့စဉ်ပျဉ်းမျှ 50-200 Gallon/day ခန့်သာရှိ၍ အဆိုပါ Waste water များကို Primary Treatment system ဖြစ်သော screening and sedimentation process အရလည်းကောင်း secondary Treatment system ဖြစ်သော aeration and interaction of sunlight process အရလည်းကောင်း Treatment သန့်စင်ခြင်းပြုလုပ်၍စွန့်ပစ်ခြင်း၊ အချို့ကိုလုပ်ငန်းတွင်ပြန်လည်အသုံးပြုခြင်းဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုကို ထိရောက်စွာ လျှော့ကျစေပါသည်။ သန့်စင်ပြီးသောရေ Treated water quality အရည်အသွေးကို တပတ်လျှင်တစ်ကြိမ် by weekly monitoring တိုင်းတာ စစ်ဆေးပြီးမှ ပြန်လည် အသုံးပြုပါသည်။

၂.၇.၃ အခိုးအငွေ့ အမျိုးအစား

စီမံကိန်းအတွင်း အသုံးပြုသော အင်ဂျင်စက်များ မှ ထွက်ရှိသော မီးခိုးများ၊ ယာဉ်များမှ ထွက်ရှိသော မီးခိုးများ ရှိနိုင်ပါသည်။ ပတ်ဝန်းကျင် လေထုညစ်ညမ်းမှု မဖြစ်စေရေးအတွက် အင်ဂျင်စက်များအား ကြံ့ခိုင်မှု၊ စစ်ဆေးပြုပြင်မှုများ ပုံမှန် ဆောင်ရွက်၍ အနည်းဆုံးထွက်ရှိမှု ဖြစ်စေရေးကို အလေးထားကြပ်မတ် ဆောင်ရွက်ပါသည်။

၂.၇.၄ ဝန်ထမ်း/လုပ်သားများ၏ စွန့်ပစ်ပစ္စည်း

စီမံကိန်းရှိဝန်ထမ်း/လုပ်သား နှင့် မှီခိုသူစုစုပေါင်း (၁၂၀)ဦး ခန့်ရှိရာ ဝန်ထမ်းများ၏ သုံးရေ၊ ချိုးရေများမှ စွန့်ပစ်ရေ တရက်လျှင်ဂါလံ (၄၀၀)ခန့် ထွက်ရှိပြီး (၈)ပေ (၁၀)ပေ မြေကျင်းတွင်စီးဆင်းစေပြီး စိုက်ပျိုးပင်များ ပျိုးခံများတွင်အသုံးပြုပါသည်။ ဝန်ထမ်းများ အသုံးပြုပြီးစွန့်ပစ်သောအမှိုက်များကိုလည်း ကျင်းတူး၍ မီးရှို့ရာတွင် ပြာဖြစ်သည်အထိ ဖျက်ဆီးပါသည်။ အညစ်အကြေး စွန့်ပစ်ခြင်းအား ရေအိမ်သာများ ဆောက်လုပ်ပေးပြီး သုံးစွဲစေပါသည်။

၂.၈ မြေပုံများ နောက်ဆက်တွဲ (က-၂)တွင်ဖော်ပြပါမည်။

၂.၉ ဓါတ်ပုံများ နောက်ဆက်တွဲ (က-၄)တွင်ဖော်ပြထားပါသည်။

၃.၀ စီမံကိန်းအဆိုပြုသူ၏အကြောင်းအရာဖော်ပြချက်

၃.၁ ကုမ္ပဏီပိုင်ရှင်များ

အောင်ထွန်းလင်းရှိန်ဝင်း မိုင်းနင်းအင်(နှ)ရီဖိုင်(နှ)နရီ ကုမ္ပဏီလီမိတက်သည်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်အရ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် ၁၃၉၇/၁၉၉၈-၁၉၉၉ အရ ၂၅.၂.၁၉၉၉ ရက်နေ့တွင် ဖွဲ့စည်း တည်ထောင်ခွင့်ရရှိခဲ့ပါသည်။ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာမှာ ဦးဝင်းလွင်ဦး ဖြစ်ပြီး အဖွဲ့ဝင်ဒါရိုက်တာ (၂)ဦးပါရှိပါသည်။ ကုမ္ပဏီ၏ ဆက်သွယ်ရန်လိပ်စာမှာ အမှတ် (၁၅၂)၊ ဂ၈လမ်း၊ ၃၉လမ်းနှင့် လမ်း၄၀ကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး ဖြစ်ပြီး ဆက်သွယ်ရန်ဖုန်းနံပါတ်များမှ ၀၂-၃၃၅၁၀၀၊ ၀၂-၈၁၅၉၇၊ ၀၉-၅၁၂၆၅၅၂ တို့ဖြစ်ပါသည်။

၃.၂ ဒါရိုက်တာများနှင့် စီမံခန့်ခွဲမှု

- **ဦးဝင်းလွင်ဦး။** ဒါရိုက်တာအဖွဲ့ဝင်ဖြစ်ပြီးအုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူ ဆောင်ရွက်ပါသည်။
- **ဦးဉာဏ်ရီ ။** ဒါရိုက်တာအဖွဲ့ဝင်ဖြစ်ပြီးစီမံကိန်းဆိုင်ရာအထွေထွေ စီမံကိန်း ခန့်ခွဲမှုများ တာဝန်ယူ ဆောင်ရွက်ပါသည်။
- **ဦးနန်လှိုင်စိုး ။** ဒါရိုက်တာအဖွဲ့ဝင်ဖြစ်ပြီးစီမံကိန်းဆိုင်ရာအထွေထွေ စီမံကိန်း ခန့်ခွဲမှုများ တာဝန်ယူဆောင်ရွက်ပါသည်။

၃.၃ စီမံကိန်းအရာရှိများနှင့် စီမံခန့်ခွဲမှု

- **ဦးလှသန်း** ။ စီမံကိန်းမန်နေဂျာအဖြစ် တာဝန်ယူပြီး နေ့စဉ်လုပ်ငန်းများ စီမံခန့် ခွဲခြင်း၊လုပ်ငန်းခွင်ဘေးအန္တရာယ်လုံခြုံရေးကိစ္စများတာဝန်ယူဆောင်ရွက်ပါသည်။
- **ဦးမျိုးမင်းဆန်း ။** သတ္တုတွင်း အင်ဂျင်နီယာဖြစ်ပြီး တူးဖော်ရေးနည်းလမ်းများနှင့် အညီ လုပ်ငန်းပုံစံ အကောင်အထည်ဖော်ခြင်းများ တာဝန်ယူဆောင်ရွက်ပါသည်။
- **ဦးထက်အောင် ။** ယာဉ်၊ စက်၊ ယန္တရားများ ထိန်းသိမ်းပြုပြင် ကြံ့ခိုင်ရေးများ ဆောင်ရွက်ခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် အုပ်ချုပ်မှုကိစ္စများ စီမံဆောင်ရွက်ပါ သည်။

၃.၄ ခန့်အပ်ထားသည့်လုပ်သား အရေအတွက်

- စီမံကိန်း တာဝန်ခံ (၁) ဦး
- အထွေထွေ မန်နေဂျာ (၁) ဦး
- အင်ဂျင်နီယာ (၂) ဦး
- ဘူမိဗေဒ အရာရှိ (၁) ဦး
- ကြီးကြပ်ရေးမှူး (၄) ဦး
- ကျန်းမာရေးမှူး (၁) ဦး
- လျှပ်စစ်ဝန်ထမ်း (၂) ဦး
- မိုင်းဆရာ (၂) ဦး
- မိုင်းလုပ်သား (၄) ဦး
- ဖောက်စက် ဆရာ (၂) ဦး
- စားရိပ်သာ (၄) ဦး

- စိုက်ပျိုးရေးလုပ်သား (၂) ဦး
- အင်း လုပ်သား (၁၉) ဦး
- ယာဉ်မောင်း (၃) ဦး
- လုံခြုံရေး (၆) ဦး
- အထွေထွေလုပ်သား (၉) ဦး

စုစုပေါင်း ဝန်ထမ်း/ လုပ်သား	(၆၃)ဦး

၄.၀ ကနဦးပတ်ဝန်းကျင်စစ်ဆေးခြင်း အစီရင်ခံစာ တာဝန်ရှိသူများ

၄.၁ အဖွဲ့အစည်း

ကုမ္ပဏီမှခန့်အပ်ထားသည့် ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူအဖွဲ့။

၄.၂ အဖွဲ့ခေါင်းဆောင် ဦးခင်မောင်အေး

၄.၃ ဖွဲ့စည်းမှုနှင့်တာဝန်များ

နောက်ဆက်တွဲ(ခ-၁)ဖြင့်ဖော်ပြထားပါသည်။

၄.၄ သက်ဆိုင်ရာပညာရေးအထောက်အထားများ

နောက်ဆက်တွဲ(ခ-၂)ဖြင့်ဖော်ပြထားပါသည်။

၅.၀ ဥပဒေ၊ နည်းဥပဒေနှင့် တည်ဆဲ ဥပဒေများ

- မြန်မာ့သတ္တုတွင်းဥပဒေ (၁၉၉၄)၊ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅)၊ အခန်း(၂) ပုဒ်မ(၃)ပါ ဥပဒေ၏ ရည်ညွှန်းချက်များ
- မြန်မာ့သတ္တုတွင်းနည်းဥပဒေများ (၂၀၁၈)
- အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) အခန်း(၄)ပုဒ်မ(၇)၊ အခန်း(၆) ပုဒ်မ(၁၀)နှင့်(၁၂)၊ အခန်း(၇)ပုဒ်မ(၁၃)၊ အခန်း(၈) ပုဒ်မ(၁၇)
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ(၂၀၁၄)၊အခန်း(၉)ပုဒ်မ(၄၁)
- ၁၉၅၁ ခုနှစ်အလုပ်ရုံများအက် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၆)
- လူမှုဖူလုံရေးဥပဒေ(၂၀၁၂)
- အလုပ်သမားအဖွဲ့အစည်းဥပဒေ(၂၀၁၁)
- အခကြေးငွေ ပေးချေရေးဥပဒေ၊ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်(၁၇)(၂၀၁၆)

- အနည်းဆုံးအခကြေးငွေဥပဒေ(၂၀၁၃)
- အလုပ်သမားလျော်ကြေးငွေအက်ဥပဒေ(၁၉၅၁)
- ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်(၁၈)(၂၀၁၆)
- ပြည်သူ့ကျန်းမာရေးဥပဒေ(၁၉၇၂)
- သစ်တောဥပဒေ(၁၉၉၂)
- မြေအောက်ရေအက်ဥပဒေ(၁၉၃၈)
- ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၀၆)
- ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၃)
- ဓါတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ(၂၀၁၃)၊ အခန်း(၁၄၊၁၅၊၁၆)
- မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေ(၂၀၁၅)
- တောရိုင်းတိရိစ္ဆာန်များနှင့် သဘာဝအပင်များ ထိန်းသိမ်းရေးဥပဒေ(၁၉၉၄)
- တောရိုင်းတိရိစ္ဆာန်များနှင့် သဘာဝအပင်များ ထိန်းသိမ်းရေးနည်းဥပဒေ(၂၀၀၂)
- The Emergency Prevision Act(1950)
- The Explosive Substances Act(1908)
- ၂၀၁၅ ခုနှစ်ဒီဇင်ဘာလ(၂၉)ရက် အမိန့်ကြော်ငြာ စာအမှတ်(၆၁၅/၂၀၁၅) အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များမှ သောက်သုံးရေ အဆင့်သတ်မှတ်ချက်၊ စွန့်ထုတ်အရည်အဆင့် သတ်မှတ်ချက် ပတ်ဝန်းကျင်လေထု အရည်အသွေး၊ ဆူညံသံစံနှုန်းသတ်မှတ်ချက်အား နောက်ဆက်တွဲ(၈-၃)တွင် ဖော်ပြထားပါသည်။

၆.၀ ဝန်းကျင်ဆိုင်ရာနှင့် လူမှုစီးပွားရေး အနေအထားများ

၆.၁ ရူပဆိုင်ရာ

၆.၁.၁ မြေမျက်နှာသွင်ပြင်နှင့် မြေဆီလွှာအနေအထား

မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်သည် မြောက်ဘက်တွင် တောင်ကုန်းတောင်တန်းများ၊ မြေပြန့်လွင်ပြင်များ ဆက်စပ်တည်ရှိသော သပိတ်ကျင်းမြို့နယ်၊ အရှေ့ဘက်တွင် ရှမ်းကုန်းမြေမြင့်ဒေသဖြစ်သော နောင်ချိုမြို့နယ်၊ တောင်ဘက်တွင် မြေသြဇာကောင်းမွန်သော မြေပြန့်လွင်ပြင်နှင့် ရေဝေရေလဲစနစ် အခြေခံကောင်းမွန်သော မတ္တရာလွင်ပြင်ဒေသ၊ အနောက်ဘက်တွင် ရေစီးရေလာ ကောင်းမွန်သော ဧရာဝတီမြစ်တို့ အကြားတွင် ကွင်းပြန့်များ၊ တောင်ကုန်းပြန့်များ၊ မြေပြင်မှ သီးခြားပေါ်ထွက်လျှက်ရှိသော တောင်ကုန်းများ၊ ရှမ်းကုန်းမြေမြင့်ဒေသ၏ တောင်ကြောဆက် တောင်တန်းများဖြင့် တည်ရှိသောဒေသဖြစ်ပါသည်။ ထင်ရှားသော တောင်များ မှာ မာလဲတောင်၊ ရေမျက်တောင်နှင့် နတ်တောင် တို့ဖြစ်ပါသည်။ စကျင်

ကျောက်၊ ယျှလကျောက်၊ ထုံးကျောက်တောင်များ အောက်ခံအဖြစ် တည်ရှိလျှက် သဲကျောက်စရစ်၊ မြေနီ၊ မြေနက်များ အပေါ်ယံမြေလွှာအဖြစ် ဖုံးအုပ်ထားပါသည်။အချို့ မြေနိမ့်လွင်ပြင်များတွင် မြေဆီမြေသြဇာ ကောင်းမွန်ပြီး၊ တောင်ကုန်း တောင်တန်း များတွင် ကျတ်တီးမြေများ ရောနှောတည်ရှိပါသည်။

၆.၁.၂ မြေအသုံးချမှု

စဉ်ကူးမြို့နယ်နှင့် ဆက်စပ်လျက်ရှိသည့် မတ္တရာမြို့နယ်သည် မြေပြန့်လွင်ပြင် ဖြစ်ခြင်း၊ မြေဆီမြေသြဇာကောင်းမွန်ခြင်းနှင့် ရေအရင်းအမြစ်ပေါများခြင်းကြောင့် စိုက်ပျိုး ရေးကို အဓိကထား အသုံးပြုပါသည်။ စဉ်ကူးမြို့နယ်အနေဖြင့် ဧရာဝတီမြစ်နှင့် နီးစပ်ရာ ဒေသ၊ မတ္တရာလွင်ပြင်နှင့် ဆက်စပ်ရာ လက်ပံလှနှင့် နွယ်ရုံဒေသများတွင် စိုက်ပျိုးမြေအဖြစ် အဓိက အသုံးပြုပြီး ရှောက်ပင်ရိုးဒေသ၊ ကျည်တောက်ပေါက်နှင့် ချောင်းကြီးဒေသတို့တွင် စိုက်ပျိုးမြေကောင်းမွန်ခြင်း မရှိသောကြောင့် တောင်ကုန်း၊ တောင်တန်းဒေသများတွင် ရွှေသတ္တု ရှာဖွေတူးဖော်ခြင်းဖြင့် မြေအသုံးချမှု ပိုမိုဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသည်။ ရေမျက်တောင်ခြေတွင် သစ်တောဦးစီးဌာနမှ စိုက်ပျိုးထားသည့် ကျွန်းစိုက်ခင်းများ တည်ရှိ ပြီး အောင်မြင်ဖြစ်ထွန်းမှု ကောင်းမွန်ပါသည်။

၆.၁.၃ မြေလွှာပျက်ပြားမှုနှင့် တိုက်စားမှုများ

အများအားဖြင့် မြေလွှာတည်ငြိမ်မှုရှိပြီး တောင်ကမ်းပါးများ ပြိုကျခြင်း၊ ပြတ်ရွှေ့ခြင်း၊ တိုက်စားခြင်းများမရှိပါ။ မိုးရာသီတွင် အရှေ့ဘက်တောင်ကြောများမှ တောင်ကျချောင်းရေ များ စီးဆင်းမှုများပြားပြီး အချို့ချောင်းများမှာ ဧရာဝတီမြစ် အတွင်းသို့ လည်းကောင်း၊ အချို့ချောင်းများမှာ မာလဲနတ်တောင်ဆည်၊ ညောင်ဂန်းမြစ် ကျိုးအင်းများ အတွင်းသို့ လည်းကောင်း စီးဝင်သဖြင့် တိုက်စားမှု နည်းပါးပါသည်။

၆.၁.၄ ရာသီဥတုအခြေအနေ

အပူပိုင်း ခြောက်သွေ့သော ရာသီဥတုရှိပြီး ဧရာဝတီမြစ်နှင့် ရှမ်းကုန်း မြေမြင့် အကြားတွင် တည်ရှိခြင်းကြောင့် မိုးရာသီတွင် မိုးများစွာရွာသွန်းသော ဒေသဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး မိုးရေချိန် (၃၃.၈၃)လက်မရှိပြီး မိုးရာသီကာလမှာ မေလမှ အောက်တိုဘာ လ အတွင်း အမြင့်ဆုံးအပူချိန် ဧပြီလတွင် (၄၅)ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး၊ အနိမ့်ဆုံးအပူချိန် ဒီဇင်ဘာလတွင် (၁၈) ဒီဂရီ စင်တီဂရိတ် ဖြစ်ပါသည်။

၆.၁.၅ လေထုအခြေအနေနှင့်ဆူညံမှု

စီမံကိန်း ဧရိယာတစ်ဝိုက်ဖြစ်သော ကန်တောင်ဒေသသည် ပင်လယ်ရေ မျက်နှာပြင် အထက်(၉၆၉)ပေမြင့်သော တောင်ကုန်းပေါ်တွင် တည်ရှိသောကြောင့် လည်းကောင်း၊

သစ်တော ကြိုးဝိုင်းဧရိယာ ဖြစ်ပြီး လူဦးရေသိပ်သည်းမှု အသင့်အတင့်သာ ရှိခြင်းကြောင့် လည်းကောင်း လေထုသန့်ရှင်းမှု ရှိပါသည်။ မန္တလေး-မိုးကုတ်-မြစ်ကြီးနား ကား လမ်းမကြီး ဘေး ကျည်တောက်ပေါက်ရွာတွင် မော်တော် ယာဉ် သွား/လာမှုများကြောင့် ဆူညံမှု အသင့် အတင့်ရှိပါသည်။ ဖုန်၊ သဲနှင့် အမှုန် ပျံ့လွင့်မှု အနည်းငယ်ရှိပါသည်။

၆.၁.၆ အင်း၊ အိုင်၊ ချောင်း၊ မြောင်းများ

စဉ့်ကူးမြို့အနီး ဧရာဝတီမြစ်ဖြတ်သန်း စီးဆင်းလျက် ရှိသောကြောင့် ရှမ်းကုန်း မြေမြင့် ဒေသဘက်မှ မြစ်ဖျားခံသော ချောင်းငယ်များသည် ဧရာဝတီမြစ် အတွင်းသို့ စီးဝင်ပေါင်းဆုံ ကြပါသည်။ စဉ့်ကူးမြို့နယ်၊ ရွှေပြည်၊ ညောင်ဝန်းရွာများအနီးတွင် ဧရာဝတီမြစ်ဟောင်းသည် မြစ်ကျိုးအင်းအဖြစ် တည်ရှိနေကြောင်း တွေ့ရှိရပြီး၊ အရှေ့ဘက် မာလဲတောင်ခြေတွင် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ထားသော မာလဲနတ်တောင် ရေထိန်းဆည် တည်ရှိပါ သည်။

၆.၂ ဇီဝဆိုင်ရာ

၆.၂.၁ သစ်တောနှင့် သစ်သီးဝလံများ အခြေအနေ

စဉ့်ကူးမြို့နယ်သည် ရေဝေရေလဲ အသင့်အတင့် ကောင်းမွန်သောကြောင့် သဘာဝ သစ်တောများနှင့် ပြုစုထိန်းသိမ်းထားသော တောများရှိပါသည်။ အချို့ နေရာများတွင် ဒေသခံများ ခုတ်ယူအသုံးပြုမှုကြောင့် တောနိမ့်၊ တောပျက်များရှိပြီး သစ်တောဦးစီးဌာန၏ ကြိုးဝိုင်း ဧရိယာများတွင် ပါဝင်လျက်ရှိပါသည်။ မန္တလေး-မြစ်ကြီးနား ကားလမ်းနှင့် အနောက်ဘက် ရေမျက်တောင်ခြေတစ်ဝိုက်တွင် သစ်တော ဦးစီးဌာန၏ ကျွန်းစိုက်ခင်းများ ရှိပါသည်။ အများစုမှာ ရွက်ပြတ်ရောနှော တောများ ဖြစ်ပြီး ကျွန်း၊ ပျဉ်းကတိုး၊ ကညင်၊ နဘဲ၊ သဖန်း၊ သစ်ပုဂံ၊ ဇီး၊ မိုးမဲဇာ၊ ဒီဒူး၊ မန်ကျည်း၊ တမလန်းနှင့် မျှင်ဂါးများ ပေါက်ရောက်ပါသည်။ စိုက်ပျိုးသစ်သီးဝလံများအနေဖြင့် မြေပြန့်ဒေသများတွင် စပါး၊ ပဲမျိုးစုံ၊ ဖရဲ၊ ငှက်ပျော၊ သဘော်၊ သရက်၊ ပိန္နဲ စသည့် သီးနှံများ ဖြစ်ထွန်းပါသည်။ တောင်ကုန်း တောင်တန်းများပေါ်တွင် စိုက်ပျိုးဖြစ်ထွန်းမှု နည်းပါးပါသည်။

၆.၂.၂ တောရိုင်းတိရိစ္ဆာန်များ

ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်နှင့် ဆက်စပ်လျက် တောင်ကုန်း တောင်တန်းများ ရှိခြင်းကြောင့် ယခင်က တောဆင်ရိုင်း၊ ဂျီ၊ ဆတ်၊ တောဝက်၊ ယုန်နှင့် ဖွတ်များ တွေ့ရှိနိုင်ကြောင်း သိရှိရပါသည်။ ယခုအခါ လူတို့အခြေချနေထိုင်မှု၊ တောတွင်း ဝင်/ ထွက်သွားလာမှု၊ ယာဉ်နှင့် စက်ပစ္စည်များ သုံးစွဲမှုများပြားလာခြင်းကြောင့် အခြား ဒေသ တောနက်ရာနေရာများသို့ ရွှေ့ပြောင်းနေထိုင် ကျက်စားသည်ဟု ယူဆရပါ သည်။ မျိုးတုန်း ပျောက်ကွယ်နိုင်သော တောရိုင်း တိရိစ္ဆာန်များ မရှိပါ။

၆.၂.၃ ၄က်မျိုးစုံ အခြေအနေ

မတ္တရာလွင်ပြင်နှင့် စဉ့်ကူးမြို့နယ်၊ လက်ပံလှလွင်ပြင်၊ ရွှေပြည် ညောင်ဝန်း ဧရာဝတီ မြစ်ကျိုးအင်းတစ်ဝိုက်သည် စိုက်ပျိုးမြေများ ကောင်းမွန်ခြင်းကြောင့်စားကျက် ဧရိယာ ကောင်းမွန်သဖြင့် ဗျိုင်း၊ ချိုးငှက်၊ ဇရက်၊ စာကလေး၊ သိန်းငှက်၊ ပျံလွှားနှင့် ဇီးကွက်များ တွေ့ရှိရပါသည်။ အင်းအိုင်များအတွင်း ရေဘဲနှင့် ဟသ်ငှက် အချို့တွေ့ရှိရပါသည်။ မတ္တရာမြို့နယ်၊ ဆည်တော်ကြီး ရေလှောင်တမံနှင့် ဆည်ရေ သောက် ဧရိယာကျယ်ပြန့်ခြင်း၊ မာလဲနတ်တောင် ရေလှောင်တမံနှင့် ဆည်ရေသောက် ဧရိယာများ ရှိခြင်းကြောင့် ဇီဝမျိုးစုံမျိုးကွဲများ၏ ဖြစ်ထွန်းရပ်တည်မှု အခြေအနေ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

၆.၃ လူမှုဆိုင်ရာ စီးပွားရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ

၆.၃.၁ အိမ်ထောင်စု လူဦးရေ အခြေအနေ

စီမံကိန်းဧရိယာနှင့် အနီးဆုံးဖြစ်သော ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုး ကျေးရွာအုပ်စု၊ နွယ်ရုံကျေးရွာ၊ ကျည်တောက်ပေါက်ရွာနှင့် ကန်တောင်ရွာ၊ ငါးပြားပေးရွာ များ ရှိပါသည်။

၆.၃.၁.၁ ရှောက်ပင်ရိုးကျေးရွာအုပ်စု

အိမ်ခြေ (၅၃၉၃)အိမ်၊ အိမ်ထောင်စု(၅၆၀၉)စု၊ (၁၈)နှစ်အောက်ကျား (၅၆၁၁) ယောက်၊ မ(၄၇၅၉)ယောက်၊ ပေါင်း (၁၀၃၇၀)ယောက်၊ (၁၈) အထက် ကျား (၆၃၉၅) ယောက်၊ မ(၆၃၆၇)ယောက်၊ ပေါင်း (၁၂၇၆၂)ယောက်၊ လူဦးရေစုစုပေါင်း ကျား (၁၂၀၁၆)ယောက်၊ မ (၁၁၁၂၆)ယောက်၊ ပေါင်း (၂၃၁၂၃)ယောက် ဖြစ်ပါသည်။

၆.၃.၁.၂ ကျည်တောက်ပေါက်ကျေးရွာ

အိမ်ခြေ (၁၉၁၁)အိမ်၊ အိမ်ထောင်စု (၂၀၀၂)စု၊ ၁၈နှစ်အောက် ကျား (၁၉၃၇)ယောက်၊ မ(၁၄၈၉)ယောက်၊ ပေါင်း(၃၄၂၆)ယောက်၊ ၁၈နှစ်အထက် ကျား (၂၁၀၀)ယောက်၊ မ(၁၇၉၃) ယောက်၊ ပေါင်း(၃၈၉၃)ယောက်၊ လူဦးရေစုစုပေါင်း ကျား (၄၀၃၇)ယောက်၊ မ (၃၂၈၂)ယောက်၊ ပေါင်း (၇၃၁၉)ယောက် ဖြစ်ပါသည်။

၆.၃.၁.၃ ကန်တောင်ကျေးရွာ

အိမ်ခြေ (၁၁၇၃)အိမ်၊ အိမ်ထောင်စု (၁၂၁၄)စု၊ ၁၈နှစ်အောက် ကျား (၁၃၄၇)ယောက်၊ မ(၁၃၀၅)ယောက်၊ ပေါင်း(၂၆၅၂)ယောက်၊ ၁၈နှစ်အထက် ကျား (၁၅၇၃)ယောက်၊ မ(၁၆၆၇) ယောက်၊ ပေါင်း(၃၂၄၀)ယောက်၊ လူဦးရေ စုစုပေါင်းကျား (၂၉၂၀)ယောက်၊ မ (၂၉၇၂)ယောက်၊ ပေါင်း (၅၈၉၂)ယောက် ဖြစ်ပါသည်။

၆.၃.၁.၄ ငါးပြားပေးကျေးရွာ

အိမ်ခြေ (၃၂၀)အိမ်၊ အိမ်ထောင်စု (၃၄၀)စု၊ ၁၈နှစ်အောက် ကျား (၃၅၅) ယောက်၊ မ(၃၂၆)ယောက်၊ ပေါင်း(၆၈၁)ယောက်၊ ၁၈နှစ်အထက်ကျား (၃၄၉) ယောက်၊ မ (၃၆၈) ယောက်၊ ပေါင်း (၇၁၇)ယောက်၊ လူဦးရေ စုစုပေါင်း ကျား (၇၀၄)ယောက်၊ မ (၆၉၄)ယောက်၊ ပေါင်း (၁၃၉၈)ယောက် ဖြစ်ပါသည်။

၆.၃.၂ အခြေချနေထိုင်မှု

စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးအုပ်စု၏ မူလကျေးရွာများမှာ ၂၀၀၀ ပြည့်နှစ် အရှေ့ ပိုင်းကာလများတွင် အိမ်ထောင်စုလူဦးရေ အနည်းငယ်သာရှိပြီး ၂၀၀၀ ပြည့်နှစ် ခန့်မှ စတင် ကာ မြေအောက်ရွှေသတ္တုတူးဖော်ခြင်း အသေးစားနှင့် တစ်ပိုင်တစ်နိုင် တူးဖော်လုပ်ကိုင်မှု များပြားလာခြင်းကြောင့်လူမှုစီးပွားရေးတိုးတက်လာကာ မြန်မာပြည် အနယ်နယ်အရပ်ရပ်မှ ရွှေ့ပြောင်းအခြေချနေထိုင်လာခဲ့ကြပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာခြင်း၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူခြင်းတို့ကြောင့် ကျေးရွာများသည် မြို့ပြအခြေအနေနှင့် ကွာဟ မှုနည်းပါးလာကြောင်း တွေ့ရှိရပါသည်။

၆.၃.၃ လူမျိုးစုများ

အများအားဖြင့် ဗမာလူမျိုးများသာ နေထိုင်ကြပြီး မိုးကုတ်ရှမ်းလူမျိုး အနည်းငယ် ရှိပါသည်။ ဗမာစကားပြောဆိုပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြပါသည်။ ရိုးရာဓလေ့ ပွဲတော်များ အဖြစ် သင်္ကြန်ပွဲ၊ သီတင်းကျွတ်ပွဲ၊ ကထိန်ပွဲများ ပြုလုပ်လေ့ရှိပါသည်။ လူနည်းစုမှာ နတ်ရိုးရာ ဓလေ့ ယုံကြည်မှုအရ တောင်ပြုန်းပွဲသို့ သွားရောက်ပူဇော်ခြင်း၊ နတ်ကနားပွဲများ တစ်နှစ် တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းတွေ့ရှိရပါသည်။

၆.၃.၄ ပညာရေး အဆင့်အတန်း

မန္တလေး - မိုးကုတ် - မြစ်ကြီးနား ကားလမ်းဘေး စည်ကား၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ကောင်းမွန်ခြင်းကြောင့် ပညာရေးအဆင့်အတန်း ကောင်းမွန်ကြောင်း တွေ့ရှိရပါ သည်။ ကျည်တောက်ပေါက်ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း၊ ကန်တောင်ရွာ တွင် အခြေခံပညာအထက်တန်းကျောင်းခွဲများရှိပြီး(၁၀)တန်း ကျောင်းသားများ စာမေးပွဲအား လက်ပံလှအထက်တန်းကျောင်း၊ စာစစ်ဌာနတွင် သွားရောက် ဖြေဆိုကြကြောင်း သိရှိရပါ သည်။ ကျောင်းသားမိဘများ၏ စီးပွားရေးလုပ်ငန်း အခြေအနေအရ ပြောင်းရွှေ့မှုကြောင့် ကျောင်းသားများ အဝင်/ အထွက် ပြောင်းရွှေ့မှုများလာကြောင်း သိရှိရပါသည်။ တက္ကသိုလ် ပညာအတွက် မန္တလေးမြို့သို့ သွားရောက် သင်ယူကြောင်း တွေ့ရှိရပါသည်။

၆.၃.၅ အလုပ်အကိုင်နှင့် အသက်မွေးမှု အခြေအနေ

စဉ့်ကူးမြို့နယ် ရွှေပြည်၊ ညောင်ဝန်း၊ လက်ပံလှ၊ တောင်အင်း၊ နတ်တောင်၊ မာလေ၊ ခတက်ချဉ်၊ ကုက္ကို၊ မင်းရွာ၊ ညောင်ပင်၊ ကြာဥယျာဉ်၊ ငွေတောင် စသည့် ကျေးရွာအုပ်စုများမှာ မြေပြန့်ဒေသတွင်ရှိပြီး စိုက်ပျိုးမြေ ကောင်းမွန်ခြင်း၊ ဆည်ရေသောက် ဇရိယာရှိခြင်း၊ အင်းစပ်လယ်နှင့်ယာမြေများ ကောင်းမွန်ခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အဓိကထား ဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသည်။ တောတောင်ဒေသပေါများသော ရှောက်ပင်ရိုး ကျေးရွာ အုပ်စုတစ်ခုတည်းသာ စိုက်ပျိုးမြေ အားနည်းခြင်းနှင့် ရွှေသတ္တုတူးဖော် လုပ်ကိုင်နိုင်ခြင်းတို့ ကြောင့် ကုမ္ပဏီများ၏ အသေးစား ရွှေသတ္တု တူးဖော်ရေးလုပ်ငန်းများတွင် ဝန်ထမ်း၊ လုပ်သား (အင်းလုပ်သား)အဖြစ် ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ထို့အပြင် တစ်ပိုင်တစ်နိုင် ရွှေတွင်းငယ်များ တူးဖော်ခြင်း၊ အစုစားအင်းလုပ်သားများအဖြစ် အဓိကထားဝင်ရောက်လုပ်ကိုင်ကြပါသည်။ ဒေသတွင် ရွှေသတ္တုတူးဖော်ခြင်း လုပ်ငန်းနှင့် ဆက်စပ်သော လုပ်ငန်းသုံး ပစ္စည်းများ ရောင်းချခြင်း၊ လူသုံးကုန်နှင့် စားသောက်ကုန် ပစ္စည်းများ ရောင်းချခြင်း၊ ရွှေသန့်စင်ခြင်းနှင့် ရွှေဆိုင်လုပ်ငန်းများ၊ အထွေထွေ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ကာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။

၆.၃.၆ စိုက်ပျိုးမွေးမြူရေး အခြေအနေ

မြေပြန့်ဒေသများတွင် ဆန်စပါး၊ ပဲမျိုးစုံ၊ ပြောင်းဖူး၊ ငှက်ပျော၊ သရက်ပင်များ စိုက်ပျိုးကြပြီး တောင်ပေါ်ဒေသများတွင် တောင်စောင်းများ၌ ပဲစင်းငုံစိုက်ပျိုးမှု အနည်းငယ် တွေ့ရှိရပါသည်။ ဆန်ကို မြေပြန့်ဒေသများမှ ဝယ်ယူစားသုံးပြီး နေအိမ်ခြံများ အတွင်း တနိုင် တပိုင် ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးကြပါသည်။ တနိုင်တပိုင် မွေးမြူရေးအနေဖြင့် နွား၊ ဆိတ်၊ ကြက်၊ ဝက်များ မွေးမြူကြပါသည်။

၆.၃.၇ လူထုကျန်းမာရေး

စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာတွင် တိုက်နယ်ဆေးရုံရှိပြီး အရေးကြီး လူနာများအား မန္တလေးမြို့တွင်ကုသကြောင်းသိရှိရပါသည်။ ကျည်တောက်ပေါက်မှ မန္တလေး သို့ မိုင်(၆၀)ခရီးအကွာအဝေးသာရှိသဖြင့် (၃)နာရီခန့်အချိန်အတွင်း ရောက်ရှိနိုင်ပါသည်။ ကျည်တောက်ပေါက်၊ ကန်တောင်ရွာများတွင်သူနာပြုနှင့်သားဖွားဆရာမများရှိပြီး ကျန်းမာရေး ဆေးပေးခန်းနှင့် ကျန်းမာရေး ဝန်ထမ်းများ ရှိပါသည်။ ကုမ္ပဏီဝန်ထမ်းနှင့် မှီခိုသူ မိသားစုဝင် များ အတွက် ကုမ္ပဏီအလိုက် ခန့်ထားသော ဆေးမှူးများမှ ကျန်းမာရေး စောင့်ရှောက်ပေးပါ သည်။ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာခြင်း၊မြေပေါ်မြေအောက်ရေလုံလောက်မှုရှိခြင်းကြောင့် (၉၀)ရာခိုင်နှုန်းခန့် ရေလောင်းယင်လုံအိမ်သာ သုံးစွဲနိုင်ကြောင်း တွေ့ရှိရပါ သည်။

စဉ်ကူးမြို့နယ်ဆေးရုံ၊ ကျည်တောက်ပေါက်ကျေးရွာ တိုက်နယ်ဆေးရုံများသို့ ကွင်းဆင်းလေ့လာချက်အရ စဉ်ကူးမြို့နယ်အတွင်း ဖြစ်ပွားမှု အများဆုံး ရောဂါ(၅)မျိုးမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

- ငှက်ဖျားရောဂါ (Malaria)
- ခုခံအားကျဆင်းမှုကူးစက်ရောဂါ ဖြစ်ပွားခြင်း။ (Retrovial Infection)
- သွေးတိုးရောဂါ (Hypertension)
- နှလုံးရောဂါ (Heart diseases)
- ဆီးချိုရောဂါ (Diabetes)

ဖုန်မှုန့်ပျံ့လွင့်မှုနှင့် လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပွားတတ်သော အဆုတ်ရောင်ခြင်း၊ အဆုတ်ပွခြင်း၊ မျက်စိနာခြင်း၊ မျက်ခမ်းစပ်ရောဂါများ ဖြစ်ပွားခြင်းမှာ နည်းပါးကြောင်း သိရှိရပါသည်။

၆.၃.၈ ရွှေ့ပြောင်းနေထိုင်မှုများ

ဒေသတွင်း မူလနေထိုင်သူနည်းပါးပြီး စီးပွားရေးလုပ်ငန်းလုပ်ကိုင်နိုင်မှုကြောင့် အနယ်နယ်အရပ်ရပ်ဖြစ်သော မိုးကုတ်၊ ရွှေဘို၊ မိတ္ထီလာ၊ ရမည်းသင်း၊ မြင်းခြံ၊ တပ်ကုန်း၊ မြောင်မြို့နယ်များမှ ရွှေ့ပြောင်း၍အခြေချနေထိုင်လာမှုများ တွေ့ရှိရပါသည်။ ကျည်တောက်ပေါက်၊ ကံတောင်ရွာများတွင် နေအိမ်နှင့် ဂင်းခြံများ၊ တိုက်အိမ်များ ကောင်းမွန်သပ်ရပ်စွာ ဆောက်လုပ်နေထိုင်ကြပြီး မြို့ပေါ်ရပ်ကွက်များကဲ့သို့ စနစ်တကျရှိကြောင်း (၂၄)နာရီ လျှပ်စစ် မီးအသုံးပြုနိုင်သဖြင့် လူနေမှု အဆင့်မြင့်မားလာကြောင်း သိရှိရပါသည်။

၆.၃.၉ သယ်ယူပို့ဆောင်ရေးစနစ်

မြန်မာပြည် အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများသို့ မန္တလေး - မိုးကုတ် အဝေးပြေးကားလမ်းမှလည်းကောင်း၊ ဧရာဝတီမြစ်ကြောင်းမှလည်းကောင်း ဆက်သွယ်နိုင်ပြီး ဧရာဝတီ မြစ်အနောက်ဘက်ခြမ်းသို့ ဧရာဝတီမြစ်ကူးတံတား (စဉ်ကူး)မှ တဆင့် ရွှေဘိုမြို့နယ်၊ ကျောက်မြောင်းသို့ အလွယ်တကူ သွားနိုင်ခြင်းကြောင့် ဆက်သွယ်မှုကောင်းမွန်သော အခြေအနေရှိပါသည်။ ကျည်တောက်ပေါက်ရွာတွင် မော်တော်ယာဉ်အသင်း (၃)သင်းခန့် ပြေးဆွဲလျက်ရှိပါသည်။ အဝေးပြေးကားလမ်း မှ တဆင့် ကျေးရွာများသို့ ကွန်ကရစ်လမ်းများ ခင်းထားသဖြင့် ဘေးကင်းလုံခြုံစွာ သွားလာနိုင်ပါသည်။

၆.၃.၁၀ လူထု ဆက်သွယ်ရေးစနစ်

လက်ကိုင်တယ်လီဖုန်း စနစ်များဖြစ်သော GSM, CDMA, Telenor, Oredoo စသော ဖုန်းလိုင်းများ သုံးစွဲနိုင်ပြီး၊ အင်တာနက်နှင့် E-Mail ဆက်သွယ် အသုံးပြုနိုင်ပါသည်။ ကျည်တောက်ပေါက်ရွာတွင် သတင်းစာနှင့် ဂျာနယ်မျိုးစုံ ဂယ်လီ ဖတ်ရှုနိုင်ပါသည်။

၆.၃.၁၁ လျှပ်စစ် သုံးစွဲမှု

ယခင်က ကိုယ်ပိုင်မီးစက်ငယ်များဖြင့် သုံးစွဲနေရာမှ မြန်မာ့လျှပ်စစ် ဓါတ်အား လုပ်ငန်း၊ လက်ပံလှဓါတ်အားခွဲရုံမှတဆင့် ဖြန့်ဝေပေးသော လျှပ်စစ်ဓါတ်အား လွန်ခဲ့သော (၃)နှစ်ခန့်မှ စတင် ရရှိခဲ့ရာ ကုမ္ပဏီမှ ထည့်ဝင် မတည်ငွေများဖြင့် မီးတိုင်၊ မီးကြိုးများ သွယ်တန်းခြင်း၊ ထရန်စဖော်မာများ ဝယ်ယူတပ်ဆင်ခြင်းဖြင့် (၂၄)နာရီ လျှပ်စစ်မီး အသုံးပြုနိုင်ကြောင်း တွေ့ရှိ ရပါသည်။

၆.၃.၁၂ သောက်သုံးရေရရှိမှု

စီမံကိန်းဒေသသည် တောင်ကုန်းတောင်တန်း ဒေသများဖြစ်သော်လည်း ရေအရင်းအမြစ် ကောင်းမွန်သဖြင့် မြေအောက် မီတာ(၅၀) ခန့်တွင် ရေကောင်းမွန်စွာ ထွက်ရှိပါသည်။ တောတောင်နှင့် သဘာဝအခြေခံကြောင့် မြေအောက်ရေ ထွက်ရှိမှု ကောင်းမွန်သဖြင့် သန့်ရှင်းသော အဂိစိတွင်းရေများ ရယူသုံးစွဲနိုင်ပါသည်။ အခြားတစ်ဖက်မှ ကုမ္ပဏီပိုင် ရွှေလုပ်ကွက် အင်း/လှိုက် များအတွင်းမှ ဘေးအန္တရာယ် ကင်းရှင်းစေရန် စုပ်ထုတ်သော ရေများအား သုံးရေအဖြစ် ဖြန့်ဝေအသုံးပြုခြင်း၊ ရေသန့်စက်ဖြင့် သန့်စင်ပြီး သောက်ရေအဖြစ်အသုံးပြုခြင်းဖြင့် လုံလောက်သောသောက်သုံးရေ ရရှိပါသည်။ အချို့ရွာများတွင် နွေရာသီ ရေရှားပါးမှုကြောင့် သောက်သုံးရေ လိုအပ်ချိန်တွင် ကုမ္ပဏီမှ ရေသယ် ကားဖြင့် ရေဖြန့်ဝေ လှူဒါန်းခြင်းများ ရှိပါသည်။ ဒေသအတွင်း မြေအောက်ရေ ရရှိမှုမှာ မီတာ(၅၀)မှ (၇၀)အတွင်း ရှိကြောင်း လေ့လာသိရှိရပါသည်။

၆.၃.၁၃ ရေ အရည်အသွေး

စီမံကိန်းဧရိယာတစ်ဝိုက်သည် သစ်တောကြီးပိုင်း ဧရိယာဖြစ်ပြီး သစ်ပင်၊ သစ်တော အသင့်အတင့်ရှိခြင်း၊ လူနေကျဲပါး၍ စွန့်ပစ်ပစ္စည်းနည်းပါးခြင်းတို့ကြောင့် မြေပေါ်ရေ အရည် အသွေးကောင်းမွန်ပါသည်။ မြေအောက်ရေ အရည်အသွေးမှာ ထုံးဓါတ်အနည်းငယ် ပါဝင် သည်မှလွဲ၍ကောင်းမွန်ပါသည်။

စီမံကိန်းဒေသအသေးစားရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ၏ နည်းစဉ်မှာ ရွှေပါဝင်သောသလင်းကြောများ (Quartz Veins)မှ ထုတ်ယူသည့်စနစ်ဖြစ်၍ စွန့်ပစ် မြေစာများအတွင်း ပါရှိသော အက်စစ်ဖြစ်နိုင်သော သတ္တုများ (ဥပမာဗဟန်း (pyrite))နှင့် ဆာလဖိုက်များ (Sulphides) မှ မိုးရေ ချောင်းရေနှင့် ပေါင်းစပ်၍ Acid Rock Drainage (ARD) ဖြစ်နိုင်ခြေမရှိ၍ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုများ မရှိနိုင်ကြောင်းတွေ့ရှိရပါသည်။

ကျည်တောက်ပေါက်၊ ကန်တောင်ဒေသ ကျေးရွာများနှင့် ကုမ္ပဏီ လုပ်ကွက်များတွင် အသုံးပြုနေသော သောက်သုံးရေအခြေအနေအား ဓါတ်ခွဲစမ်းသပ် စစ်ဆေးရန် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်ရှိ ISO TECH Laboratory သို့ ပို့ဆောင်စမ်းသပ် စစ်ဆေးခဲ့ပါသည်။ WHO

၏သောက်သုံးရေ အဆင့်စံနှုန်းများနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ အန္တရာယ်ရှိသော ဓာတ်သတ္တုများ ပျော်ဝင်နေခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ ဓာတ်ခွဲ စမ်းသပ် စစ်ဆေးချက်အား နောက်ဆက်တွဲ (ဂ-၂)ဖြင့် ဖော်ပြထားပါသည်။

၆.၃.၁၄ တရားဥပဒေ စိုးမိုးမှု

စီမံကိန်းဧရိယာ အနီးဝန်းကျင်ဒေသသည် ရဲတပ်ဖွဲ့၊ ကင်းများ၊ စခန်းများ အနီးကပ် တည်ရှိမှုကြောင့် ကြီးမားသော မှုခင်းများ ဖြစ်ပွားခြင်း မရှိပါ။

၆.၃.၁၅ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ

အောက်ပါအတိုင်း ဖြစ်ပါသည် -

- သုဇနသဟာရဘိုးဘွားရိပ်သာနှင့် နာရေးကူညီမှုအသင်း၊ ကျည်တောက်ပေါက်ရွာ။
- ပုညသုခ နာရေးကူညီမှုအသင်း၊ ကျည်တောက်ပေါက်ရွာ။
- အာယုသုခ လူမှုကူညီရေးအသင်း၊ နွယ်ရုံကျေးရွာ။
- မြတ်စေတနာ လူမှုကူညီရေးအသင်း၊ ရေမျက်ကျေးရွာ။

၇.၀ သက်ရောက်မှု

၇.၁ ဆိုးကျိုး သက်ရောက်မှုများ

၇.၁.၁ မြေမျက်နှာသွင်ပြင်၊ လေထုနှင့် မြေအောက်ရေများအပေါ် ဆိုးကျိုး သက်ရောက်နိုင်မှု

စီမံကိန်းဆောင်ရွက်ခြင်းကြောင့် မြေပြင်ပေါ်တွင် ပြုပြင်တည်ဆောက်ခြင်း၊ လမ်းများ ဖောက်လုပ်ခြင်း၊ ကျင်း၊ ကလိုရက်များ တူးဖော်ခြင်း၊ စွန့်ပစ်ပစ္စည်းများ ထွက်ရှိခြင်းကြောင့် မြေမျက်နှာသွင်ပြင် ပြောင်းလဲခြင်း ဖြစ်နိုင်ပါသည်။ စီမံကိန်း ဧရိယာအတွင်း စိုက်ပျိုးမြေနှင့် လူနေ အိမ်ယာမြေများ ပါဝင်ပါက မြေအသုံးချမှုများ အပြောင်းအလဲ ဖြစ်ပေါ်နိုင်ပါသည်။ စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ပါက အပေါ်ယံ မြေဆီလွှာများ ဖယ်ရှားခြင်း၊ သစ်ပင်များခုတ်ထွင် ရှင်းလင်းမှုများကြောင့် မြေဆီလွှာ ဆုံးရှုံးမှု အသင့်အတင့် ရှိနိုင်ပါသည်။ ဒေသအတွင်း စီမံကိန်း လုပ်ငန်းများ အလွန် အကျွံများပြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအမံများ လိုက်နာ ဆောင်ရွက်မှု အားနည်းပါက ရာသီဥတုအခြေအနေအပေါ် သက်ရောက်မှု ဖြစ်နိုင်ပါသည်။

ရွှေပါဖြုန်းများ စွန့်ပစ်ပြုန်းစာများ ရွှေ့ပြောင်းသယ်ယူ ပို့ဆောင်ခြင်း၊ သွန်ပစ်ခြင်း၊ လမ်းများပေါ်မှ ဖုန်များပျံ့လွင့်မှုများခြင်း၊ ကျောက်များ ကြိတ်ခွဲရာမှ အမှုန်များ ပျံ့လွင့်နိုင်ခြင်းများကြောင့် လုပ်ငန်းခွင်နေရာများတွင် လေထုညစ်ညမ်းမှု ဖြစ်ပေါ်နိုင်ပါသည်။ ကျောက်ဖောက်စက်များ အသုံးပြုခြင်း၊ ကျောက်များအား ယမ်းခွဲ ဖယ်ရှားခြင်း၊ ယာဉ် ယန္တရားကြီးများ လုပ်ငန်းဆောင်ရွက်ခြင်း၊ အင်ဂျင်စက်များ

မောင်းနှင်ခြင်းတို့ကြောင့် ပတ်ဝန်းကျင် ဆူညံသံနှင့် တုန်ခါမှုများ ဖြစ်ပေါ်နိုင်ပါသည်။ စီမံကိန်း ဧရိယာဝန်းကျင် ဒေသသည် မြစ်၊ ချောင်းငယ်များနှင့် တောင်တန်းများ ဆက်စပ်တည်ရှိပြီး ရေဝေရေလဲ ကောင်းမွန်သောဒေသဖြစ်သဖြင့် မြေပေါ်မြေအောက် ရေအရည်အသွေး ကောင်းမွန်ပါသည်။ စီမံကိန်းလုပ်ငန်းများကြောင့် စွန့်ပစ်အရည်များ ထုတ်လွှတ်မှုများသည့်အခါ ဒေသအတွင်း သောက်သုံးရေများ ညစ်ညမ်းမှု ဖြစ်ပေါ်နိုင်ပါသည်။

စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် စွန့်ပစ်ပစ္စည်း အစိုင်အခဲများ၊ အရည် များ၊ အခိုးအငွေ့များ၊ ဝန်ထမ်း/လုပ်သားများ၏ စွန့်ပစ်ပစ္စည်းများ ထွက်ရှိနိုင်ပါသည်။ အစိုင်အခဲ စွန့်ပစ်ပစ္စည်းများကြောင့် အပေါ်ယံမြေလွှာများ ဖုံးအုပ်ခြင်း၊ သစ်ပင်များနှင့် ဂေဟစနစ်ပျက်စီးခြင်း၊ မြေလွှာပြတ်ရွေ့ ပြိုကျခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ အခိုး အငွေ့များကြောင့် လေထုညစ်ညမ်းမှု ဖြစ်နိုင်ခြင်း၊ လုပ်သားများ၏ စွန့်ပစ်ပစ္စည်း များကြောင့် ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်နိုင်ပါသည်။ ဒေသခံများနှင့် ကုမ္ပဏီ လုပ်ငန်းများမှ ဓါတုပစ္စည်းများသုံးစွဲမှုကြောင့် ပြဒါး(Mercury)၊ ဆိုင်ရာနိုက် (Cyanide) နှင့် ယမ်းတို့မှ ဓါတ်ကြွင်းများကျန်ရှိ၍ ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်စေနိုင်ပါသည်။

၇.၁.၂ ဂေဟစနစ်အပေါ် ဆိုးကျိုးသက်ရောက်နိုင်မှု

စီမံကိန်းလုပ်ငန်းများအတွက် တောများခုတ်ထွင် ရှင်းလင်းရခြင်းကြောင့် သစ်ပင်များ၊ သဘာဝပေါက်ပင်များ ပျက်စီးဆုံးရှုံးနိုင်ပါသည်။ လူများအခြေချ နေထိုင်မှု များပြားလာခြင်းကြောင့် အဆောက်အဦးနှင့် လောင်စာအတွက် သစ်ဝါး ထုတ်ယူ သုံးစွဲမှုနှုန်း ပိုမိုမြင့်မားလာနိုင်ပါသည်။ လူများအခြေချ နေထိုင်မှုများပြားလာခြင်း၊ စက် ယန္တရားများ အသုံးပြုဆောင်ရွက်ခြင်း၊ စွန့်ပစ်ပစ္စည်းများ ထွက်ရှိခြင်း တို့ကြောင့် သက်ရှိ/ သက်မဲ့ ဇီဝမျိုးစုံမျိုးကွဲများ ဆုတ်ယုတ်ပျက်စီးခြင်း၊ အခြားနေရာများသို့ ရွှေ့ပြောင်း ရောက်ရှိခြင်း ဖြစ်ပေါ်နိုင်ပါသည်။

၇.၁.၃ လူမှုပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်နိုင်မှု

စီမံကိန်းလုပ်ငန်းများကြောင့် ဆူညံသံနှင့် တုန်ခါမှုများဖြစ်ပေါ်ခြင်း၊ လေထု ညစ်ညမ်းမှုကြောင့် ရောဂါဘယများ ဖြစ်ပွားခြင်းစသည့် သက်ရောက်မှုများကြောင့် မွေးကင်းစမှ ကျောင်းနေအရွယ် ကျောင်းသားများ ထိခိုက်မှု ရှိနိုင်ပါသည်။ ယခင်က ဒေသအတွင်း မှီတင်းနေထိုင်သော လုပ်သား ပြည်သူများသည် စိုက်ပျိုးရေး၊ မွေးမြူ ရေးကို အခြေခံ၍ အသက်မွေးမှု ဆောင်ရွက်သော်လည်း ယခုအခါ တစ်ပိုင်တစ်နိုင် ဖက်စားအင်းများနှင့်စီမံကိန်းဧရိယာများကြောင့် အချို့အသက်မွေးဝမ်းကျောင်း အဖြစ် အသုံးပြုသော စိုက်ပျိုးရေးမြေများ ပါဝင်ဆုံးရှုံးသွားနိုင်ပြီး ၎င်းတို့၏ အသက်မွေးမှုကို ထိခိုက်စေနိုင်ပါသည်။

စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင် လေထုရေထု ညစ်ညမ်း ခြင်း၊ ဆူညံသံ နှင့် တုန်ခါမှုများကြောင့် အနှောင့်အယှက် ဖြစ်ခြင်းများရှိပါက ပြည်သူ လူထု၏ ကျန်းမာရေးကို ထိခိုက်မှုရှိနိုင်ပါသည်။ စီမံကိန်းလုပ်ငန်းအတွင်း အန္တရာယ် ရှိသော ပစ္စည်းများ ဖြစ်သည့် ယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိုလှောင်ခြင်း၊ ကိုင်တွယ် သုံးစွဲခြင်း၊

အခြားဓါတု ပစ္စည်းများ ကိုင်တွယ်သုံးစွဲခြင်းအတွက် လုံခြုံမှု နည်းစနစ်များ အတိုင်း လိုက်နာဆောင်ရွက်မှု မရှိပါက ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နိုင်ပါ သည်။ စီမံကိန်းဧရိယာမှ ညစ်ညမ်းသော စွန့်ပစ်ရေများ ထုတ်လွှတ်ခြင်း၊ မြေပေါ် မြေအောက်ရေများ ထုတ်ယူသုံးစွဲခြင်းကြောင့် ဒေသခံပြည်သူလူထု အတွက် သောက်သုံးရေများ ရှားပါးမှုဖြစ်ပေါ်နိုင်ပါသည်။

၇.၂ ကြွင်းကျန် သက်ရောက်မှုများ

စီမံကိန်း တည်ရှိရာဒေသ စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုး၊ ကန်တောင်ဒေသတွင် ရွှေသတ္တုရိုင်းသိုက်များ တည်ရှိမှုကြောင့် ၁၉၉၅-၁၉၉၆ ခုနှစ်များမှ စတင်၍ လက်လုပ် လက်စား ရွှေရှာဖွေတူးဖော်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ၁၉၉၇-၁၉၉၈ ခုနှစ်များမှ စတင်၍ ကုမ္ပဏီလုပ်ကွက်၊ အသေးစားရွှေလုပ်ကွက်များဖြင့် နိုင်ငံတော်နှင့် အကျိုးတူ တူးဖော် ထုတ်လုပ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့အထိဖြစ်ပါသည်။ ကုမ္ပဏီလုပ်ကွက်များ အများအပြား ရယူဆောင်ရွက်ခဲ့ကြသကဲ့သို့ ဒေသခံ လက်လုပ်လက်စားများမှလည်း တစ်နိုင်တစ်ပိုင် အင်းများ ဆောင်ရွက်ခဲ့ကြခြင်းကြောင့် ဒေသတွင်း၌ ဝန်းကျင်သက်ရောက်မှုများ အထိုက် အလျောက် ကျန်ရှိနေပါသည်။ ထို့ကြောင့် မိုင်းပိတ်သိမ်းခြင်းနှင့် စီမံကိန်းပြီးဆုံးပြီး ကာလများ တွင် မြေယာများပြုပြင်ခြင်းနှင့် သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးရန်၊ ဒေသနှင့် ကိုက်ညီ သောသစ်ပင်များကို သစ်တောဦးစီးဌာန၏ အကူအညီရယူ၍ပြန်လည် စိုက်ပျိုးပါမည်။

၇.၂.၁ မြေမျက်နှာသွင်ပြင်၊ လေထုနှင့် မြေအောက်ရေများအပေါ် ကြွင်းကျန် သက်ရောက်မှုများ

သစ်တောကြိုးဝိုင်း ဧရိယာများအတွင်း လူတို့ဝင်ရောက် အခြေချနေထိုင်မှုနှင့် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းများကြောင့် ကျင်းဟောင်းများ၊ ချိုင့်များ၊ ရေကန် အဟောင်းများဖြစ်ပေါ်ခြင်း၊ တောင်တက်တောင်ဆင်း လမ်းများဖြစ်ပေါ်ခြင်း၊ မြေဆီ လွှာ ဆုံးရှုံးခြင်းများဖြစ်ပေါ်ပြီး သက်ရောက်မှုအချို့ ကျန်ရှိနိုင်ပါသည်။ စီမံကိန်းနှင့် ဒေသခံများ တူးဖော်လုပ်ကိုင်သော်လည်း အမှုန်အမွှားများသည် လေထုထဲတွင် ပြန်လည်ပျံ့နှံ့သွားခြင်းကြောင့် လေထုအခြေအနေမှာ ကြွင်းကျန်မှုမရှိနိုင်ပါ။ လူတို့ နေထိုင်မှုများပြားလာပြီး မြေအောက်ရေ ထုတ်ယူသုံးစွဲမှု များပြားလာကြောင်း တွေ့ရှိရ သော်လည်း ရေအရည်အသွေး ထူးခြားသော ပြောင်းလဲမှုမရှိကြောင်း သိရှိရပါသည်။

စီမံကိန်းလုပ်ငန်းမှ ယမ်းနှင့် ဆက်စပ်ပစ္စည်းများ သုံးစွဲခြင်း၊ စက်သုံးဆီနှင့် အခြားလူအသုံးဆောင်များ စနစ်တကျစွန့်ပစ်မှု မရှိခြင်း၊ ဓါတုဆေးရည်များ စနစ်တကျ ဖျက်စီးမှုမရှိဘဲ စွန့်ပစ်ခြင်းများပြုလုပ်ပါက မြေပေါ်ရေ အရည်အသွေး ကျဆင်းမှု ဖြစ်နိုင်ပါသည်။ ရွှေသတ္တုတူးဖော်ရေး လုပ်ငန်းများ များပြားလာခြင်း၊ ရွှေ့ပြောင်း အခြေချနေထိုင်သူများ တိုးတက်များပြားလာခြင်းကြောင့် စွန့်ပစ်ပစ္စည်း အစိုင်အခဲ/ အရည်/ အငွေ့တို့မှ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပါသည်။ လူထုအတွင်း စွန့်ပစ်ပစ္စည်းများ စနစ်တကျ စီမံခန့်ခွဲသော အသိပညာထွန်းကားမှု နည်းပါးခြင်း ကြောင့် စွန့်ပစ်ပစ္စည်းများ နေရာအနှံ့ကျန်ရှိနေပါသည်။ စီမံကိန်းကြောင့် ကျောက်ရိုင်း မြေစာများ၊ စွန့်ပစ်ရေဆိုးများ ကျန်ရှိနိုင်ပါသည်။ ထို့ကြောင့် စွန့်ပစ်ပစ္စည်းများ စနစ်

တကျစွန့်ပစ်စေရန် ပညာပေးခြင်း၊ စနစ်တကျ စွန့်ပစ်စေခြင်း၊ လုပ်ငန်းခွင်မှ စွန့်ပစ်ရေဆိုးများအား သန့်စင်စေသော နည်းစနစ်များကို အသုံးပြု၍ သတ်မှတ်စံချိန်စံညွှန်းအတိုင်း လျော့ချကာ လုပ်ငန်းတွင် ပြန်လည်အသုံးပြုခြင်း၊ စွန့်ပစ်ကန်သို့ စနစ်တကျ စွန့်ပစ်သည့် နည်းစနစ်များအား အသုံးပြုရန် ဆောင်ရွက်ရပါမည်။

၇.၂.၂ ဂေဟစနစ်အပေါ်မှ ကြွင်းကျန်သက်ရောက်မှုများ

သစ်တောကြိုးဝိုင်း ဧရိယာများ သဘာဝတောရိုင်း မြေများအတွင်း လူတို့ဝင်ရောက် အခြေချ နေထိုင်မှုများကြောင့် သစ်တော၊သစ်ပင်များ ဆုတ်ယုတ် ပျက်စီးမှု ရှိပါသည်။ အချို့နေရာများတွင် နှစ်ရှည်ပင်နှင့် ရာသီသီးနှံများ အစားထိုး စိုက်ပျိုးထားသော်လည်း အချို့နေရာများမှာ ဖုန်းဆိုး တောများ အဖြစ်ရှိနေကြောင်း တွေ့ရှိရပါသည်။ ယခင်က တောရိုင်းတိရိစ္ဆာန်များ ဖြစ်သည့် တောဆင်ရိုင်း၊ ဆတ်၊ ကျီ၊ မျောက်၊ ယုန်နှင့် တောခွေးများရှိကြောင်း သိရှိရသော်လည်း လူများလာရောက် အခြေချ နေထိုင်ခြင်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ သစ်/ဝါးနှင့် သစ်တောထွက် ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်မှုများကြောင့် တောရိုင်း တိရိစ္ဆာန်များ တဖြည်းဖြည်း နည်းပါးလာကြောင်း၊ ငှက်မျိုးစုံနှင့် အခြားတိရိစ္ဆာန်များလည်း နေရာပြောင်းရွှေ့မှုများကြောင်း သိရှိရပါသည်။

စီမံကိန်းဧရိယာဒေသအတွင်း ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကြောင့် လူမှုစီးပွားဘဝ တဖြည်းဖြည်း တိုးတက်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။ ဆိုးကျိုးသက်ရောက်မှုများ ရှိနိုင်သော်လည်း ကောင်းမွန်သော အခြေအနေများဘက် သို့ ဦးတည်နေကြောင်း တွေ့ရှိရပါသည်။

၈.၀ လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေး စီမံချက်

အောက်ဖော်ပြပါ အချက်များပါဝင်သော လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ် ရေးစီမံချက်အား ရေးဆွဲထားရှိ ဆောင်ရွက် ပါမည် -

ဘေးအန္တရာယ် ကာကွယ်ရေး လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ရမည့် အဆင့်(၁၀)ဆင့်

၈.၁ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းစီမံချက်

- အရေးပေါ်အခြေအနေ အချက်ပေးမှုတစ်စုံတစ်ရာဖြစ်ပေါ်လာပါက ဝန်ထမ်း၊ လုပ်သားအားလုံး အနီးဆုံး ဆက်သွယ်ရေးကိရိယာ ရှိရာနေရာသို့ စုစည်းသွားရောက်နိုင်စေရန် စီမံထားခြင်း။
- ဝန်ထမ်း၊ လုပ်သားအားလုံး ရေထု၊ လေထု ညစ်ညမ်းခြင်းလက္ခဏာများ၊ အနံ့အသက်၊ အင်္ဂေ့စသည်တို့ကို ကြိုတင်ရှင်းလင်း အသိပေးထားခြင်း။
- ဆင့်ကဲဆင့်ကဲ သတင်းပို့စနစ်နှင့် အချက်ပြစနစ်များအား ကြိုတင်ရှင်းလင်းသင်ကြားလေ့ကျင့်ပေးထားခြင်း။
- လုပ်ငန်းခွင် ဘေးအန္တရာယ်ရှိသောနေရာ၊ ဌာနမှ ဝန်ထမ်း/လုပ်သားများ အမြန်ဆုံးထွက်ခွာစေခြင်း၊ လုံခြုံဘေးကင်းသောနေရာသို့ အမြန်ဆုံးရောက်ရှိစေရေး သတိပေးချက် နှင့် အချက်ပြ စနစ်များ တပ်ဆင်ခြင်း၊ ကြိုတင်ဏတ်တိုက် လေ့ကျင့်ခြင်း။
- ကြိုတင်သတ်မှတ် ဖွဲ့စည်းထားသော တုံ့ပြန်ရေးအဖွဲ့များ (Emergency Response groups)များမှ သတ်မှတ်နေရာအလိုက် စုစည်းခြင်း၊ သက်ဆိုင်ရာအပိုင်းလိုက် တုံ့ပြန်ဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။
  (ဥပမာ- မီးငြိမ်းသတ်ရေးအဖွဲ့၊ ပစ္စည်းရွှေ့ပြောင်းရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ သူနာပြု အဖွဲ့)
- အဆိပ်အတောက်ဖြစ်စေမည့် ဓာတုဗေဒ၊ ပိုးမွှား ပျော်ဝင်ပစ္စည်းများ ပျံ့နှံ့ဝင်ရောက်ခြင်း ရှိ/မရှိ စမ်းသပ်စစ်ဆေးသည့် ကိရိယာ (Rapid Test Kits)များ အသင့်ထားရှိခြင်း။
- ရေသန့်နှင့် အစားအသောက်များ အချိန်မီထောက်ပံ့ ဖြည့်တင်းနိုင်မည့် အစီအစဉ်များ ဆောင်ရွက်ထားခြင်း။
- နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သော ဖြစ်ရပ်များအတွက် ကြိုတင်စဉ်းစားသုံးသပ်ကာ ရှင်းလင်းရေးအစီအစဉ်များအား ရေတို/ ရေရှည် စီမံဆောင်ရွက်သွားခြင်း။

၈.၂ အန္တရာယ်ရှိစေသောပစ္စည်းများ ကိုင်တွယ်ဆောင်ရွက်ခြင်း နည်းလမ်းများ

- စီမံကိန်းဧရိယာအတွင်း ဘေးအန္တရာယ်ဖြစ်စေမည့် ပစ္စည်းများအား ကြိုတင်သတ်မှတ် အသိပေးထားခြင်း။
- မည်သည့်ပစ္စည်းအတွက် မည်သူမှာအဓိကတာဝန်ရှိသူဖြစ်ကြောင်း ကြိုတင်သတ်မှတ်ပေးထားခြင်း။
- အန္တရာယ်ရှိပစ္စည်းများ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းပြုလုပ်ရာတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်အပေါ်တွင် မည်မျှ သက်ရောက်မှုရှိနိုင်ကြောင်း ရှင်းလင်းအသိပေးထားခြင်း။
- လိုအပ်ချက်၏ အနည်းဆုံးပမာဏကိုသာ အသုံးပြုခြင်းဖြစ်အောင်စီမံဆောင်ရွက်ခြင်း။

- ကြိုတင်သိရှိနိုင်သောအာရုံခံစနစ်များတပ်ဆင်ထားသည့်သိုလှောင်ရုံများတည်ဆောက်သိမ်းဆည်းထားခြင်း။
- လုပ်ငန်းခွင်မှထွက်ရှိသော စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရာတွင် သဘာဝပတ်ဝန်းကျင် အပေါ် ထိခိုက်မှုမရှိစေရေး၊ ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများအသုံးပြု ဆောင်ရွက် ခြင်း။
- မမျှော်မှန်းနိုင်သော မတော်တဆမှုဖြစ်စဉ်ဖြစ်ရပ်များ ဖြစ်ပေါ်လာပါက သဘာဝပတ်ဝန်း ကျင် ထိခိုက်မှုကို လျှော့ချပေးနိုင်မည့် တုန့်ပြန်မှု အစီအမံများ စီမံကိန်း လုပ်ငန်းခွင် အတွင်း ရှင်းလင်း လွယ်ကူစွာ စီမံထားရှိခြင်း။
- နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးသက်ရောက်မှုများအား ရှောင်လွှဲနိုင်မည့် စောင့်ကြပ်ကြည့်ရှုရေးနှင့် စုံစမ်းရေး အစီအစဉ်များ ထားရှိခြင်း။
- စီမံကိန်းနှင့် အလားတူလုပ်ငန်းများ၏ ပြည်တွင်း/ပြည်ပ ဖြစ်စဉ်ဖြစ်ရပ်များကို မှတ်တမ်း တင် ထားရှိခြင်း၊ လေ့လာသုံးသပ်ခြင်းနှင့် အလားတူဖြစ်ပေါ်နိုင်သော အန္တရာယ်များကို ကြိုတင်မှန်းဆရှောင်လွှဲခြင်း။

၈.၃ လုပ်ငန်းခွင် ဘေးအန္တရာယ် ကာကွယ်ခြင်း ဆောင်ရွက်မှုများ

- Winch ဆွဲကြိုးကြောင့် မတော်တဆအန္တရာယ် မဖြစ်စေရေးအတွက် Winch မောင်းသူသည် Winch ကြိုးကြံ့ခိုင်မှုကို အမြဲတစေ စစ်ဆေးခြင်းနှင့် တာဝန် ထမ်းဆောင် နေစဉ် ထမ်းဆောင်သူ၏ စိတ်ရောကိုယ်ပါ လုပ်ငန်းထဲ အချိန်ပြည့်ထား၍ စိတ်ဝင်စားစွာ တာဝန်ထမ်းဆောင်စေပါသည်။ အရှိန်ထိန်း ဂီယာစနစ်ဖြင့် ဘရိတ်များ ကောင်း/ မကောင်း ကို လုပ်ငန်းမစတင်မီ ကြိုတင်စမ်းသပ် မောင်းနှင်စေပါသည်။ ယင်းအစိတ်အပိုင်းများ ပုံမှန်အလုပ်လုပ်နိုင်စေရန် စက်မှုကျွမ်းကျင်သူများမှ ပုံမှန် စစ်ဆေး၍ ကြံ့ခိုင်ရေး ပြုလုပ်စေ ပါသည်။ မြေစာပုံးများနှင့် အခြားသယ်ယူပစ္စည်းများ အတင်/အချ ပြုလုပ်ရာတွင် အလို အလျောက် အသံမြည်အချက် ပေးသောစနစ်များ တပ်ဆင်အသုံးပြု၍ လုံခြုံစိတ်ချအောင် ဆောင်ရွက်သွားပါသည်။
- မြေပြိုခြင်းကြောင့် မတော်တဆထိခိုက်မှု မရှိစေရေးအတွက် မိမိလုပ်ကိုင်နေသော မြေအမျိုးအစား၊ ကျောက်အမျိုးအစား၊ တည်ငြိမ်မှုအားနည်းသော/ ကောင်းမွန်သော စသည့် အချက်များကို ခွဲခြား လေ့လာနိုင်သည့် တတ်ကျွမ်းသော ပညာရှင်များကို အနီးကပ်ကြီးကြပ်စေပါသည်။ မြေအမျိုးအစားအလိုက် လိုအပ်သော အထိန်းအထောက် များ တပ်ဆင်စေပါမည်။ တပ်ဆင်ထားသော သစ်သားထောက်များ၊ အကာများ(Side Lagging)နှင့် အမိုး(Roofing)များ ၏ အခြေအနေကို အမြဲလေ့လာစစ်ဆေးကြည့်ရှု့စေပါ သည်။
- လေနှင့် အလင်းရောင် မလုံလောက်မှုကြောင့် မတော်တဆထိခိုက်မှု မရှိစေရေး အတွက် မြေပေါ်မှ အထောက်အပံ့ပစ္စည်းများ မဖြစ်မနေလိုအပ်ပါသည်။ မြေအောက် သို့ လုပ်ငန်း များ တစ်ဆထက် တစ်ဆတိုးချဲ့ကျယ်ပြန့်၍ နက်လာသည်နှင့်အမျှ၊ လေ နှင့် အလင်း ရောင် ပို၍ပို၍ လိုအပ်လာပါသည်။ စနစ်တကျ တူးဖောက်ထားသော ပင်မ လှိုဏ်ဂူမှ တစ်ဆင့်

လုပ်ကွက်များသို့ သဘာဝလေဖိအားစနစ် (Atmospheric Pressure)ဖြင့် သဘာဝလေရရှိနိုင်အောင် လေပေးလှိုက်ဂူများ၊ ဆန်တွင်းများ (Raises)များ ဖောက်ခြင်း ပြုလုပ်ပါသည်။ သဘာဝ လေဖိအားဖြင့် လုံလောက်သော လေမရရှိပါက လေပေးစက်များ တပ်ဆင်ပြီး လေပေးပန်ကာများ (Ventilation Fan) ဖြင့် လေပိုက်များ စနစ်တကျ သွယ်တန်း၍ လေပေးသွင်းပါသည်။

- မြေအောက်အလင်းရောင် ရရှိရေးအတွက် လျှပ်စစ်မီးစက်များဖြင့် လုပ်ကွက်များတွင် လျှပ်စစ်မီးသီးများ ထွန်းပေးခြင်း၊ ပင်မလှိုက်ဂူများတွင် ပုံသေလျှပ်စစ်မီးပွင့်များ ထွန်းပေး ထားပါသည်။ လျှပ်စစ်ပစ္စည်းများကို ကိုင်တွယ်အသုံးပြုရာတွင် လျှပ်စစ်ကျွမ်းကျင်သူ အသိအမှတ်ပြု လက်မှတ်ရသူများသာ စနစ်တကျတာဝန်ပေး ဆောင်ရွက်စေပါသည်။

၈.၄ အရေးပေါ်အခြေအနေတစ်ခုအတွက် ဆက်သွယ်ဆောင်ရွက်ရမည့် ဌာနများ

- ဒေသဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ ။
- မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ (လက်ပံလှ၊ စဉ့်ကူး၊ ပြင်ဦးလွင်) ။
- မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ (ကျည်တောက်ပေါက်၊ လက်ပံလှ၊ စဉ့်ကူး) ။
- အစိုးရဆေးရုံ/ ဆေးခန်းနှင့် ပုဂ္ဂလိက ဆေးခန်းများ ။
- လူမှုကူညီရေး ပရဟိတအသင်းများ ။
- အမှတ်(၂)သတ္တုတွင်း လုပ်ငန်းရုံးခွဲ ။
- နယ်မြေခံသစ်တောဦးစီးဌာနနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနရုံးခွဲများ။
- ကုမ္ဍဏီရုံးချုပ် ။
- မိတ်ဖက် ကုမ္ဍဏီ လုပ်ငန်းရုံးခွဲများ။

၉.၀ ပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း (Public Consultation)

အောင်ထွန်းလင်းရှိန်ဝင်း မိုင်းနင်းအင်(နှ)ရီဖိုင်(နှ)နရီ ကုမ္ဍဏီအနေဖြင့် ဒေသအတွင်းရှိ မြို့နယ်အဆင့်၊ ရပ်ကွက်ကျေးရွာအဆင့် အုပ်ချုပ်ရေးမှူး အဖွဲ့များနှင့် လည်းကောင်း၊ အမှတ်(၂) သတ္တုတွင်းဦးစီးဌာနရုံးခွဲ၊ သစ်တောဦးစီးဌာနရုံးခွဲများနှင့်လည်းကောင်း၊ ဆက်သွယ်၍ ဒေသဖွံ့ဖြိုး ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ ဆွေးနွေးတိုင်ပင် ဆောင်ရွက်လျက် ရှိပါသည်။ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ ပြည်သူများနှင့်လည်း မပြတ် တွေ့ဆုံ၍ ပတ်ဝန်းကျင်တွင် လုပ်ငန်းအတူ ဆောင်ရွက်လျက် ရှိကြသော မိတ်ဖက်ကုမ္ဍဏီများနှင့် ပူးပေါင်းလျက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကုမ္ဍဏီအနေဖြင့် လုပ်ကွက်အနီးရှိဒေသခံများနှင့် စီမံကိန်းဆောင်ရွက်မည့် လုပ်ငန်း အဆင့် ဆင့်အလိုက် ပတ်ဝန်းကျင်ထိခိုက်မှုအခြေအနေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ် အောင်ဆောင်ရွက်မည့် အစီမံများနှင့် စောင့်ကြပ်ကြည့်ရှု့မည့်အစီအစဉ်များအား ကျေးရွာ တာဝန် ရှိ လူကြီးများ၏ နေအိမ်တွင်လည်းကောင်း၊ ဘုန်းကြီးကျောင်းတွင်လည်းကောင်း မကြာခဏ

သွားရောက်တိုင်ပင် ဆွေးနွေးလေ့ရှိပါသည်။ ဆွေးနွေးမှုများတွင် စီမံကိန်းကြောင့် ဒေသခံများ၏ ပတ်ဝန်းကျင်ထိခိုက်မှုများ၊ ကျန်းမာရေး ထိခိုက်မှုများနှင့် စီးပွားရေး၊ လူနေမှု အဆင့်အတန်း၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများအား ရင်းနှီးစွာတွေ့ဆုံတိုင်ပင် ဆွေးနွေးခဲ့ပါသည်။ ဒေသခံများ၏ အခက်အခဲများကို အတူတကွ လက်တွဲဖြေရှင်းလေ့ရှိပါသည်။

အောင်ထွန်းလင်းရှိန်ဝင်း မိုင်းနင်းအင်(နှ)ရီဖိုင်(နှ)နရီ ကုမ္ပဏီအနေဖြင့် အများပြည်သူနှင့် လည်းကောင်း၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များနှင့်လည်းကောင်း အစဉ်အမြဲ ထိတွေ့ဆက်ဆံ ဆွေးနွေးမှုများကြောင့် ဒေသခံကျေးရွာပြည်သူလူထု၏ လိုအပ်ချက်များကို အချိန်နှင့် တစ်ပြေးညီ သိရှိပြီး ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ စီမံကိန်း ကာလ (၇)နှစ် အတွင်းတွင်လည်း ကုမ္ပဏီအနေဖြင့် အများပြည်သူနှင့် ပြဿနာများ ဖြစ်ပွားခဲ့ခြင်း မရှိဘဲ အဆင်ပြေစွာ ဆက်ဆံ ဆောင်ရွက်နိုင်ခဲ့ပြီး၊ လူမှုရေး/ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဒေသခံ ကျေးရွာပြည်သူလူထုနှင့် အတူတကွ ပူပေါင်းလုပ်ဆောင်လျက်ရှိပါသည်။ (လူမှု စီးပွါးနှင့် ဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်ချက် (CSR Activities)များအား နောက်ဆက် တွဲ(၈-၄) တွင် ပူးတွဲ ဖော်ပြ ထားပါသည်။)

အောင်ထွန်းလင်းရှိန်ဝင်း မိုင်းနင်းအင်(နှ)ရီဖိုင်(နှ)နရီ ကုမ္ပဏီအနေဖြင့် စီမံကိန်း ဆက်လက် ဆောင်ရွက်ရန်အတွက် ကနဦးပတ်ဝန်းကျင်စစ်ဆေးခြင်း (IEE) အစီရင်ခံစာ အတွက် ကွင်းဆင်း စစ်ဆေးခြင်းကို စီမံကိန်းမန်နေဂျာ ဦးခင်မောင်အေး ဦးစီးအဖွဲ့ဖြင့် (၈.၅.၂၀၁၇)ရက် မှ (၁၂.၅.၂၀၁၇)ရက်အထိ ဆောင်ရွက်ခဲ့ရာ လိုအပ်သော မေးမြန်းချက်၊ ပြောကြားချက်များအား ဒေသခံပြည်သူများအနေဖြင့် ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

(၁၀.၅.၂၀၁၇)နေ့တွင် စဉ်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ကျည်တောက်ပေါက်ရွာ၊ ပိတောက်ချပ်ရွာ၊ ငါးပြားပေးရွာ၊ ကန်တောင်ရွာများမှ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းနောင်နှင့်အဖွဲ့ဝင်များ၊ ဒေသခံကျေးရွာသူကျေးရွာသားများ (၁၅)ဦးခန့် တက်ရောက်ပြီး ကုမ္ပဏီ ဘက်မှမန်နေဂျာ ဦးစောလှမြင့်၊ လုပ်ငန်းတာဝန်ခံ ဦးကျော်သူနှင့် ဝန်ထမ်း (၅) ဦး တက်ရောက်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးပွဲတွင် ကုမ္ပဏီမန်နေဂျာမှ ယခု အောင်ထွန်းလင်းရှိန်ဝင်း ကုမ္ပဏီပြန်လည်လျှောက်ထားသော လုပ်ကွက်သည် ယခင်(၇)နှစ်ကပင် မိမိကုမ္ပဏီမှ လုပ်ကိုင်ခွင့်ရယူထားခဲ့ပြီးသော လပ်ကွက်အဖြစ်သာဖြစ်ပါကြောင်း၊ လုပ်ကိုင်ခွင့်ပြုချက်ရရှိပါက ပတ်ဝန်းကျင်ကျေးရွာများနှင့် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှု အနည်းဆုံးဖြစ်စေရန် စီမံ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ၏ ထုံးစံအရ သက်ရောက်မှုများ ရှိလာလျှင်လည်း၊ လျှော့ချစေမည့် အစီအမံများ စီစဉ်ထားရှိမည်ဖြစ်ပါကြောင်း၊ ကုမ္ပဏီအနေဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ အုပ်ချုပ်ရေးအဖွဲ့များနှင့် ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်သောကြောင့် လိုအပ်ချက်နှင့် အခက်အခဲများရှိပါကလည်း ရင်းနှီးပွင့်လင်းစွာဆွေးနွေးနိုင်ပါကြောင်း ရှင်းလင်း ပြောကြားခဲ့ပါသည်။

ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ကန်တောင်ရွာ အုပ်ချုပ်ရေးမှူးဦးဆန်းဦးမှ ဆွေးနွေးရာတွင် အောင်ထွန်းလင်းရှိန်ဂင်းကုမ္ပဏီအနေဖြင့် ထက်ရည်လင်း ကုမ္ပဏီနှင့် ကုမ္ပဏီအုပ်စုတူ လုပ်ငန်းများပင်ဖြစ်ပြီး လုပ်ကွက်များမှာလည်း လုပ်ငန်းဆက်စပ်၍ ဆောင်ရွက်သွားမည်ကို သိရှိရပါကြောင်း၊ ထက်ရည်လင်းနှင့် အောင်ထွန်းလင်းရှိန်ဂင်း ကုမ္ပဏီများအနေဖြင့် ယခင်ကနယ်မြေဒေသ ဖွံ့ဖြိုးရေးအတွက်များစွာ ကူညီထောက်ပံ့ပေးခဲ့သော မှတ်တမ်းကောင်းများ ရှိခဲ့ပါကြောင်း၊ နယ်မြေဒေသအတွင်း ကုမ္ပဏီလုပ်ကွက်၊ ပုဂ္ဂလိကလုပ်ကွက်များ လာရောက်လုပ်ကိုင်မှုများပြားလျှက်ရှိရာ ဥပဒေစိုးမိုးရေး၊ ဒုစရိုက်နှိမ်နှင်းရေးကိစ္စများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ထိန်းချုပ်ရန်အခက်အခဲရှိကြောင်း၊ သို့ဖြစ်၍ ကုမ္ပဏီများအနေဖြင့်လည်း မိမိဂန်ထမ်း၊ လုပ်သားများ၏စည်းကမ်းသေဂပ်ရေးကိစ္စများကိုလည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုဆွေးနွေးပါသည်။

ပိတောက်ချပ်ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးသန်းထွန်းမှ ဆွေးနွေးအကြံပြုရာတွင် မိမိအနေဖြင့် ကျည်တောက်ပေါက်ဒေသတွင် အခြေချနေထိုင်လာသည်မှာ (၂၅)နှစ်ခန့်ရှိပြီဖြစ်ပါကြောင်း၊ ကုမ္ပဏီများ၏ ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်း၊ ပုဂ္ဂလိကရွှေတူးဖော်ရေးလုပ်ငန်းများကြောင့် ကျည်တောက်ပေါက်၊ နွယ်ရုံ၊ ကန်တောင်ဒေသများစည်ကား ဖွံ့ဖြိုးတိုးတက်ကာ လူမှုစီးပွားအဆင့်များ မျှားစွာမြင့်မားလာခဲ့သည်မှာ အမှန်ပင်ဖြစ်ပါကြောင်း၊ အောင်ထွန်းလင်းရှိန်ဂင်းကုမ္ပဏီ၏ ဒေသဖွံ့ဖြိုးရေး အတွက်ပါဂင်ကူညီဆောင်ရွက်ခံမှုများကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ကုမ္ပဏီလုပ်ကွက်အများစုရှိရာ ကန်တောင်ဒေသတောင်ကုန်းသည် ရွာများနှင့်နီး၍ အမြင့်ပိုင်းမှာတည်ရှိကြောင်း၊ ကျည်တောက်ပေါက်၊ ပိတောက်ချပ်၊ ငါးပြားပေးရွာများမှာ တောင်ကုန်း၏အခြေအနိမ့်ပိုင်း တွင်တည်ရှိမှုကြောင့် ပတ်ဂန်းကျင်ညစ်ညမ်းမှုများ၊ သဘာဂဘေးဒဏ်များနှင့် ဆည်ရေကန်များ ကျိုးပေါက်မှု ဖြစ်ပါကဆုံးရှုံးမှုဒဏ်ကို ခံရနိုင်ပါကြောင်း၊ သို့ဖြစ်၍ပတ်ဂန်းကျင်ထိခိုက်မှုအနည်းဆုံး ဖြစ်စေမည့် အစီအမံများကြိုတင်စဉ်းစား၍ အလေးထားဆောင်ရွက်စေလိုပါကြောင်း အကြံပြုဆွေးနွေး ပါသည်။

ငါးပြားပေးကျေးရွာမှ ရွာသားဦးလှဌေးမှအကြံပြုဆွေးနွေးရာတွင် ယခုတင်ပြဆွေးနွေးသော စီမံကိန်းလုပ်ကွက် (SGU-4A နှင့် SGU_4B)တို့သည် မိမိတို့ကျေးရွာနှင့် (၂) မိုင်ခန့်ဝေးကွာပြီးကြားတွင်အခြား ရွှေလုပ်ကွက်များ ရှိသည်ကိုသိရှိရပါကြောင်း၊ ယခင်သက်တမ်း(၇)နှစ်တွင် တူးဖော်ဆောင်ရွက်ခြင်းကြောင့် သိသာထင်ရှားသော သက်ရောက်မှုများမရှိသေးပါကြောင်း၊ ယခုသက်တမ်းဆောင်ရွက်ချိန်တွင်လည်း ပတ်ဂန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများမရှိစေရေး အလေးထားဆောင်ရွက်စေလိုကြောင်း၊ ကျေးရွာတွင် ရှိသောအချို့သော အင်းလုပ်သားများအား ကုမ္ပဏီတွင် သင့်လျော်သောအလုပ်အကိုင်များ လုပ်ကိုင်ခွင့်ရရှိ ရေးစီစဉ်ပေး စေလိုကြောင်း ဆွေးနွေးပါသည်။

ကုမ္ဗဏီမန်နေဂျာ မှ ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ကုမ္ဗဏီများအနေဖြင့် ယခင်က အလားတူစီမံကိန်းများ ဆောင်ရွက်ခဲ့သော်လည်း ပတ်ဝန်းကျင်ထိခိုက်မှု သက်ရောက်မှုများကို အလေးထားစဉ်းစားခဲ့ခြင်းမရှိပါကြောင်း၊ ယခု ၂၀၁၆ ခုနှစ်နောက်ပိုင်း ကာလများတွင် နိုင်ငံတော် အစိုးရဏ်မူဂါဒအရ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်များကို အလေးထား၍လိုက်နာ ဆောင်ရွက်ရပါကြောင်း၊ တစ်ဖက်မှ ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်ဘဏ္ဍာ တိုးမြှင့်ရရှိရေးကိုဆောင်ရွက်ခြင်းနှင့်အတူ စီမံကိန်းကြောင့်ထိခိုက်နိုင်မည့်၊ သက်ရောက်နိုင်မည့် အခြေအနေများကိုအကောင်းဘက်ရော၊ အဆိုးဘက်ပါတွက်ချက် စဉ်းစား ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ဆိုးကျိုးသက်ရောက်မှုများကိုလည်း အလေးထားလျှော့ ချဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသခံရွာသားများအလုပ်အကိုင် အခွင့်အလမ်းများကို လည်းအခြေအနေပေးပါက ဦးစားပေးစဉ်းစား ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဆွေးနွေးပါသည်။

ရှောက်ပင်ရိုးအုပ်စု၊ ကျည်တောက်ပေါက်ကျေးရွာမှ ဒေသခံပြည်သူလူထု
နှင့် တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းအကြောင်း ဆွေးနွေးနေပုံ

ဒေသခံပြည်သူများနှင့် ဆွေးနွေးတိုင်ပင်ခြင်း

၁၀.၀ ကုစားသည့် နည်းလမ်းများ

၁၀.၁ ဗြိုန်းမြေထုတ်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ကုစားသည့် နည်းလမ်း

ရွှေသတ္တုတူးဖော်ထုတ်လုပ်ရာမှ ထွက်ရှိလာသည့် မြေစာများ၊ ဗြိုန်းများအား သတ်မှတ်သည့် နေရာများသို့ သယ်ယူပို့ဆောင်ရာတွင် ဖုန်မှုန့်များ၊ ကျောက်မှုန့်များ ထွက်ရှိသဖြင့် ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုနှင့် လူတို့၏ ကျန်းမာရေးများထိခိုက်နိုင်မှု လျော့ကျစေရန် လုပ်ငန်းမစတင်မီနှင့် လုပ်ငန်းရပ်နားချိန်များတွင် ရေသယ်ယာဉ်ကြီးများဖြင့် ရေဖြန်းခြင်းများ ဆောင်ရွက်ထားပါသည်။

၁၀.၂ မြေဆီလွှာနှင့် မြေပေါ်/မြေအောက်ရေများညစ်ညမ်းမှုမဖြစ်စေရန် ကုစားသည့် နည်းလမ်း

စီမံကိန်းကြောင့် ထွက်ရှိလာသည့် စွန့်ပစ်ရေဆိုး ရေညစ်များအား မြစ်ချောင်းများ အတွင်း စီးဝင်မှုမရှိစေရန်နှင့် မြေအောက်ရေပျက်စီးမှုများမှ ကာကွယ်နိုင်ရန် ရေစစ်ကန်များ အဆင့်ဆင့် ပြုလုပ်ပြီးရေအရည်အသွေး တိုင်းတာခြင်းများ ပြုလုပ်ပြီးမှသာလျှင် စွန့်ထုတ်ပါ သည်။

စက်ယန္တရားကြီးများ ပြုပြင်ခြင်းနှင့် ဆီဖြည့်ခြင်းတို့ကြောင့် ယိုဖိတ်သည့်စက်ဆီ၊ ချောဆီများကြောင့် မြေဆီလွှာနှင့် မြေအောက်ရေများပျက်ဆီးစေနိုင်ပါသည်။ ထိုသို့ စက်ဆီ၊ ချောဆီများ ယိုစိမ့်ဖိတ်ကျပါက မြေဆီလွှာနှင့် မြေအောက်ရေများမထိခိုက်စေရန် စက်ဆီ၊ ချောဆီများ သိုလှောင်သည့်နေရာများကို မြေသားအတိုင်းမထားဘဲ ကွန်ကရစ်ခင်းထား၍ ဆီခံခွက်များလည်း ထားရှိပါသည်။

စီမံကိန်းဧရိယာအတွင်း ယာယီအဆောက်အဦးများ၊ လမ်းဖောက်လုပ်ခြင်းများအတွက် လိုအပ်သည့် မြေနေရာများရှင်းလင်းရာတွင် မြေသားနှင့်မြေဆီလွှာများ ပျက်ဆီးမှုများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့်အသုံးပြုမှုမရှိတော့သည့် မြေနေရာများတွင် ကျွန်းအစရှိသည့် အဖိုးတန်သစ်မာပင်များ အစားထိုးစိုက်ပျိုးထားပါသည်။ စီမံကိန်းပိတ်သိမ်းသည့် အချိန်ကာလတွင် လည်း စီမံကိန်းမြေနေရာများအား သစ်ပင်များစိုက်ပျိုးခြင်းဖြင့် အပေါ်ယံမြေဆီလွှာ ထိန်းသိမ်း ခြင်းများ ပြုလုပ်သွားရန် ရည်ရွယ်ထားပါသည်။

၁၀.၃ ဝန်းကျင်ဂေဟာစနစ်အပေါ် ကုစားသည့်နည်းလမ်းများ

ဂေဟာစနစ်ပျက်စီးမှုကို လျော့နည်းစေရန်အတွက် မြေယာအသုံးချမှုအနည်းဆုံး အသုံးပြုခြင်း၊ ဒေသရင်းသစ်ပင်များ အစားထိုးစိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း ပြုစုပျိုးထောင်ခြင်း၊ သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း၊ သဘာဝတောရိုင်းတိရိစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ခြင်း စသည်ဖြင့် ဝန်းကျင်ဂေဟာစနစ် ပျက်စီးမှုကိုလျော့နည်းစေပါသည်။

၁၀.၄ လူမှုစီးပွားဘဝ အခြေအနေအပေါ် ကုစားသည့်နည်းလမ်းများ

စီမံကိန်းလုပ်ကွက်ဧရိယာသည် ပတ်ဝန်းကျင်ဒေသအတွင်း ကျေးရွာများနှင့် အနည်း ဆုံး (၁.၅)မိုင် ဝေးကွာခြင်း၊ လူနေထိုင်မှုနည်းခြင်း၊ လုပ်ငန်းခွင် လုပ်သားနေ အဆောက်အဦး များနှင့် ဝေးကွာခြင်း စသည်တို့ကြောင့် ထိခိုက်မှုကိုလျော့နည်းစေပါသည်။ စီမံကိန်းနယ်မြေ အတွင်းရှိဒေသခံများနှင့် ဝန်ထမ်း၊ လုပ်သားများ၏ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပုံမှန် ဆောင်ရွက်ပေးခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်စေရန် ဒေသခံများအား အလုပ်အကိုင် ဦးစားပေး ခန့်ထားပါသည်။

၁၁.၈ ပတ်ဝန်းကျင် စီမံခန့်ခဲမှု အစီအစဉ် (EMP)

၁၁.၁ အကြိုတည်ဆောက်ခြင်း

အောင်ထွန်းလင်းရှိန်ဝင်း မိုင်းနင်းအင်(နှ)ရီဖိုင်(နှ)ရီကုမ္ပဏီသည် ရွှေအသေးစား တူးဖော်ရေးလုပ်ကွက် SGU-4B သည် (၁.၁၂.၂၀၀၉) မှ (၃၀.၁၁.၂၀၁၆) အထိ(၇)နှစ်တာ ကာလဆောင်ရွက်ခဲ့ပြီး၊ အဆိုပါ လုပ်ကွက်အား လုပ်ငန်း အခြေအနေအရ အသစ်တစ်ဖန် ပြန်လည်လျှောက်ထားရခြင်းဖြစ်ပါသဖြင့် အကြိုတည်ဆောက်ခြင်း ကာလအတွက် သီးခြား ဖော်ပြရန် မရှိပါ။

၁၁.၂ တည်ဆောက်ခြင်း

အထက်ဖော်ပြပါအတိုင်း သီးခြားဖော်ပြရန်မရှိပါ။

၁၁.၃ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်း

မြေအောက် ရွှေသတ္တုရှာဖွေ တူးဖော်ခြင်းစနစ်(Underground Mining Method) ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်အား ပုံပြဇယား (က-၃)ဖြင့် ဖော်ပြ ထားပါသည်။

၁၁.၄ လုပ်ငန်းရပ်ဆိုင်းခြင်း

စီမံကိန်းလုပ်ငန်းအား နောက်ထပ် (၇)နှစ်ခန့် ဆက်လက်ဆောင်ရွက်ရန် လျာထားပြီး ရွှေသတ္တုကြောများ တည်ရှိပုံ အနေအထားပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါသည်။ စီးပွားဖြစ် ထုတ်လုပ်နိုင်သော အခြေအနေ မရှိပါက နိုင်ငံတော်သို့ လုပ်ထုံး/ လုပ်နည်း နှင့် အညီပြန်လည် အပ်နှံသွားပါမည်။

၁၁.၅ စီမံကိန်းပိတ်သိမ်းခြင်း

- မဖြစ်မနေဖယ်ရှားရမည့် အပေါ်ယံမြေဆီလွှာအား လုပ်ငန်း ခွင့်ပြုချက် ရရှိသည်မှ စ၍ (Mine Development) ဆောင်ရွက်ချိန် မြေအောက်လိုက် စတင်တူးဖော်ခြင်း

ဆောင်ရွက်ချိန် နေရာသတ်မှတ်၍ သီးခြားစုပုံထားရှိပါမည်။ မိုးရာသီတွင် ရေတိုက်စား မျောပါခြင်းမရှိစေရန် နွေရာသီတွင် ဖုန်များ၊ မှုန်များ လွင့်ပါခြင်းမရှိစေရန် အဖုံး၊ အကာများ ဖုံးအုပ်ထားခြင်း၊ မြက်ခင်းများ စိုက်ပျိုးထားခြင်းဖြင့် ထိန်းသိမ်း ထားပါမည်။ အဆိုပါမြေဆီလွှာများအား မိုင်းပိတ်သိမ်းသည့်အချိန်တွင် နေရာ တကျ ပြန်လည်ဖုံးအုပ်ခြင်းဖြင့် မြေဆီလွှာ ဆုံးရှုံးမှုကို ကာကွယ်သွားပါမည်။

- တူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်သောလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသော ကျင်းများ၊ ချိုင့်များရှိပါက ပတ်ဝန်းကျင်မြေလွှာအနေအထားပေါ်မူတည်၍ မြေဖို့၊ မြေညှိခြင်းများ ဆောင်ရွက်ပါမည်။ ဆောင်ရွက်ပြီးသောမြေလွတ်၊ မြေလပ်နေရာ များတွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေစေရေးအတွက် အသင့်ပျိုးထောင် ထားသော ပျိုးပင်များအား စိုက်ပျိုးခြင်း၊ ဖုံးအုပ်ပြီးသော မြေသားများပေါ်တွင် ဒေသနှင့် သင့်လျော်သောအပင်များ ပြန်လည်စိုက်ပျိုးခြင်း ဆောင်ရွက်ပါမည်။
- မြေသားပြိုကျခြင်း၊ ပြတ်ရွှေ့ခြင်းနှင့် တိုက်စားမှုဖြစ်နိုင်သော ကျင်းဟောင်းနံရံ များ၊ စပ်ကြားမြေနေရာများ၊ မြေစာပုံနံရံများအား သေချာစွာစစ်ဆေး၍ လှေကား ထစ်များ ပြုလုပ်ခြင်း၊ မြေထိန်းနံရံများတည်ဆောက်ခြင်း၊ အမြစ်ရှည်သော မြက်ပင် များ စိုက်ပျိုးခြင်း ဆောင်ရွက်ပါမည်။
- စီမံကိန်းဧရိယာအတွင်းမှ မြေပေါ်မြေအောက်မှ မြေနမူနာ၊ ရေနမူနာများရယူ၍ ဓာတ်ခွဲ စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး ချောင်း/မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး ရေလမ်းကြောင်းများ ဖွင့်ထုတ်ခြင်းဆောင်ရွက်ပါမည်။
- လူအသုံးအဆောင် စွန့်ပစ်ပစ္စည်းများ၊ လုပ်ငန်းသုံးစွန့်ပစ်ပစ္စည်းများ မီးရှို့ဖျက်ဆီး ခြင်း၊ ကျင်းဟောင်းများတွင် မြေမြှုပ်ဖျက်ဆီးခြင်းကို အလေးထား ဆောင်ရွက်ပါ မည်။ ယာဉ်၊ စက်ယန္တရား ပစ္စည်းကိရိယာအဟောင်းများအား စနစ်တကျ ပြန်လည်သိမ်းဆည်းခြင်း၊ စက်သုံးဆီနှင့် အင်ဂျင်ဝိုင်အဟောင်းများအား ယိုစီးစိမ့် ထွက်မှု မရှိစေရန်ဆောင်ရွက်သွားပါမည်။ မြေအောက်လှိုဏ်များအတွင်းသို့ ဆင်း သည့် ဂင်/ ထွက်ပေါက်အား အခိုင်အမာ ကွန်ကရစ်ဖြင့် ခိုင်ခန့်စွာ ပိတ်ဆို့ကာရန် သွားပါမည်။

၁၁.၆ စီမံကိန်းပိတ်သိမ်းပြီးကာလ ဆက်လက်ဆောင်ရွက်ခြင်း

- ကြိုတင်ရေးဆွဲထားသော စီမံချက်အရ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင် မှုများ၊ ဆိုးကျိုးသက်ရောက်နိုင်မှုများ ပြန်လည်စီစစ်သုံးသပ်၍ အနာဂတ်တွင် လျှော့ချဆောင်ရွက်ခြင်း၊ ကောင်းကျိုးဖြစ်ထွန်းမှုများကို ပိုမိုတိုးပွား တည်တံ့ နေ စေရန် ဆောင်ရွက်ခြင်း၊ ကျန်းမာရေး နှင့် လူမှုဘဝလုံခြုံမှုအတွက် ထိန်းသိမ်း ဆောင်ရွက်ခြင်း ပြုလုပ်ပါမည်။ မိုင်းပိတ်သိမ်းပြီးချိန်တွင် စီမံကိန်း လုပ်ငန်း အတွက်

ယာယီရယူ အသုံးပြုခဲ့သော လုပ်ကွက်ဧရိယာအား ပြန်လည် အပ်နှံ နိုင်ရေး၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ သစ်တောဦးစီးဌာနတို့၏ ညွှန်ကြားချက် နှင့် အညီ ဆောင်ရွက်သွားပါမည်။

- လုပ်ကွက်အတွင်း ဆောက်လုပ်ထားသောယာယီလူနေဆောင်များကောင်းမွန်ခြင်း မရှိပါက ဖျက်သိမ်းစေခြင်း၊ ကောင်းမွန်၍အသုံးပြုနိုင်သော အဆောက်အဦးများ အား ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကဏ္ဍများအတွက် လွှဲပြောင်း ပေးနိုင်ရေး ရပ်ရွာအုပ်ချုပ်ရေး အဖွဲ့များ၊ ဒေသအာဏာပိုင်များနှင့် ညှိနှိုင်း ဆောင်ရွက်ပါမည်။
- စီမံကိန်းဆောင်ရွက်နေဆဲကာလအတွင်း မိုင်းဖွံ့ဖြိုးတိုးတက်ရေးအဆင့်၊ထုတ်လုပ် ရေး ဆောင်ရွက်ခြင်းအဆင့်ကာလများအတွင်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှု အစီအမံများကို မိုင်းပိတ်သိမ်းပြီး ကာလအထိ အရှိန် အဟုန်မပျက် ဆက်လက် ဆောင်ရွက်သွားပါမည်။
- မိုင်းပိတ်သိမ်းပြီးနောက် ကုမ္ပဏီ၏ကိုယ်စားလှယ်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဒေသအာဏာပိုင်အဖွဲ့များ ပူးပေါင်းပါဝင်သောအဖွဲ့ဖြင့် လုပ်ကွက်ဟောင်း ဧရိယာ မှ မြေပြုတိုက်စားမှုအန္တရာယ်များ၊ လေထု/ရေထု ညစ်ညမ်းနိုင်သော ကိစ္စများ၊ ဆိုးကျိုးသက်ရောက်နိုင်မှုများကို အနည်းဆုံး (၅)နှစ်အထိ စောင့်ကြပ်ကြည့်ရှု ဖြေရှင်း ဆောင်ရွက်ပါမည်။
- စီမံကိန်းသက်တမ်းအတွင်းဆောင်ရွက်ခဲ့သည့် အခြေအနေပေါ် မူတည်ပြီး ပိတ်သိမ်းရေး စီမံချက်အား စီမံကိန်းအဆင့်လိုက် တွေ့ကြုံခဲ့ရသည့် အခြေအနေ များအပေါ် အခြေခံကာ ထုတ်လုပ်သည့်ထွက်ကုန်နှင့် အကျိုးအမြတ်ထွက်ရှိမှုအရ ရန်ပုံငွေသုံးစွဲနိုင်မှု၊ လူမှုစီးပွားရေး အခြေအနေ၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟ စနစ်ဆိုင်ရာအခြေအနေများ ပေါင်းစပ်သုံးသပ်လျက် အခြေအနေနှင့် ကိုက်ညီ အောင် ပြင်ဆင်ရေးဆွဲဆောင်ရွက်သွားပြီး လုပ်ငန်းမပိတ်မီ(၆)လအတွင်း အသေးစိတ်တင်ပြပါမည်။

၁၂.၀ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရန်ပုံငွေလျာထားခြင်း

ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများမှ ပညာရှင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားပါမည်။ ပတ်ဝန်းကျင်ဆိုင်ရာ စီမံ ခန့်ခွဲမှု အသုံးစရိတ်အဖြစ် စီမံကိန်းပုံမှန်ကုန်ကျစရိတ်၏ ၂% သုံးစွဲရန် သတ်မှတ်လျာထားပါသည်။ လိုအပ်ပါက ထပ်မံဖြည့်စွက် အသုံးပြုသွားမည် ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးစီမံမှုအားအောက်ပါအတိုင်း အပိုင်း(၄) ပိုင်းဖြင့်စီမံဆောင်ရွက်ထားပါသည်-

- လုပ်ငန်းကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း။
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး (Environmental Conservation)လုပ်ငန်းများ ဆောင်ရွက်ခြင်း။
- ဒေသဖွံ့ဖြိုးရေး၊လူမှု့စီးပွားတိုးတက်ရေး (Socioeconomic Development) လုပ်ငန်းများဆောင်ရွက်ခြင်း။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲရေး (Environmental Management) လုပ်ငန်းများဆောင်ရွက်ခြင်း။

၁၂.၁ လုပ်ငန်းကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း။

အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်ထားပါသည်-

- အုပ်ချုပ်မှုဒါရိုက်တာ ဥက္ကဋ္ဌ
- အထွေထွေမန်နေဂျာ အဖွဲ့ဝင်
- မိုင်းနင်းအင်ဂျင်နီယာ အဖွဲ့ဝင်
- စီမံကိန်းမန်နေဂျာ အတွင်းရေးမှူး

လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ တာဝန်ဝတ္တရားများ။ အောက်ပါအတိုင်းဖြစ်ပါသည်-

- သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြင်ဦးလွင်ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဦးစီးဌာနများ၏ ကြီးကြပ်လမ်းညွှန်မှု များအတိုင်းတိကျစွာ လိုက်နာဆောင်ရွက်သွားပါမည်။
- ကုမ္ပဏီနှင့် ဒေသခံပြည်သူများအကြား လုပ်ငန်းဆောင်ရွက်မှုများတွင် စည်း ကမ်းစနစ်တကျရှိမှုနှင့် စည်းလုံးညီညွတ်မှုရှိစေရန် စီမံဆောင်ရွက်သွားပါ မည်။
- ကုမ္ပဏီ၏ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် အမြဲအလေးထားဆောင်ရွက်နိုင်ရန် အနီးကပ်ကြီးကြပ်ဆောင်ရွက်ပါမည်။
- ကုမ္ပဏီ၏လူမှု့စီးပွါးရေး (CSR) နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒ (Environmental Policy) အားဖြင့် ဒေသဖွံ့ဖြိုးရေးများကို အကောင်အထည်ဖော် ဆောင်ရွက်၍ ကူညီဆောင်ရွက်ပေးပါမည်။
- ကုမ္ပဏီ၏လုပ်ငန်းနယ်မြေအတွင်း မလိုလားအပ်သောအုပ်ချုပ်မှု ပြဿနာများ မဖြစ်ပွားစေရန် စနစ်တကျ စီမံဆောင်ရွက်ပါမည်။
- ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ ကျေးရွာ/မြို့နယ် အုပ်ချုပ်ရေးမှူး ရုံး နှင့် ဌာနဆိုင်ရာများအား အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရန် ဆောင်ရွက်ပါ မည်။
- ကုမ္ပဏီနှင့်ကျေးရွာနေပြည်သူများ၏ လူနေမှုလုံခြုံရေး၊ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်များ ကျရောက်မှုရှိပါက ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်မှု မရှိစေရန် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ စီမံဆောင်ရွက်ပါမည်။
- ကုမ္ပဏီ၏ဆောင်ရွက်မှုလုပ်ငန်းများတွင် နိုင်ငံတော်ပြဋ္ဌာန်းထားသော ဥပဒေ/နည်းဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်ခြင်းရှိ/မရှိ ကြီးကြပ်ဆောင်ရွက်ပါမည်။

- လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီ၏ လစဉ်(၃)လပတ်နှင့် နှစ်ချုပ်စစ်ဆေးဆောင်ရွက်မှုများ ဆပ်ကော်မတီအလိုက် တာဝန်ပေးအပ်၍ စစ်ဆေးတွေ့ရှိချက်များအား မှတ်တမ်းထားရှိ၍ သုံးသပ်စီမံဆောင်ရွက်ပါမည်။

၁၂.၂ လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်း

လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီကိုအောက်ပါအတိုင်းဖွဲ့စည်းထားပါသည်-

- စီမံကိန်းမန်နေဂျာ ဥက္ကဋ္ဌ
- မိုင်းနင်းအင်ဂျင်နီယာ အဖွဲ့ဝင်
- လုပ်ငန်းမန်နေဂျာ အဖွဲ့ဝင်
- အကြီးတန်းဘူမိဗေဒအရာရှိ အဖွဲ့ဝင်
- မန်နေဂျာ(လူမှုစီးပွါး) အဖွဲ့ဝင်

လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီ၏ တာဝန်ဝတ္တရားများ ။ အောက်ပါအတိုင်း ဖြစ်ပါသည်-

- နေ့စဉ်တာဝန်ကျအဖွဲ့အား ကွပ်ကဲရေးရုံးတွင် စုဝေး၍ လုပ်ငန်းခွင် နယ်မြေအတွင်း စစ်ဆေးမှုများ ဆောင်ရွက်ပါမည်။
- စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့် ထူးခြားဖြစ်စဉ်အစီရင်ခံစာများအားလုပ်ငန်းကြီးကြပ်မှုကော်မတီသို့အချိန်နှင့် တစ်ပြေးညီ တင်ပြအစီရင်ခံ ဆောင်ရွက်ပါ မည်။
- လုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်အားတိကျစွာ လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်စေပါမည်။

၁၂.၃ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး(Environmental Conservation) လုပ်ငန်းများ ဆောင်ရွက်ခြင်း။

အောက်ပါအတိုင်းဆောင်ရွက်ထားပါသည်-

- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ချမှတ်ထားသော မူဂါဒ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ထားပါသည်။
- လယ်ယာမြေများ၊ ဘေးထွက်ဆိုးကျိုးများမရှိစေရေးနှင့် သဘာဝ ပတ်ဝန်းကျင်များ ပျက်စီးမှုမရှိစေရေးကုမ္ပဏီ၏ ဆောင်ရွက်မှုအပေါ် အမြဲ ကြပ်မတ်ဆောင် ရွက်ထားပါသည်။
- လုပ်ငန်းခွင်ဘေးအန္တရယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်လျက် ခွင့်ပြုသတ်မှတ်ဧရိယာအတိုင်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရေး ကြပ်မတ်ဆောင် ရွက်ထားပါသည်။

- လုပ်ငန်းခွင်အတွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် သစ်ပင်များခုတ်ခြင်း၊ ထင်းမီးသွေးဖုတ်ခြင်းနှင့် သစ်တောပြုန်းတီးမှုများ မရှိစေရေး ကြေပ်မတ်ထိန်းသိမ်း ဆောင်ရွက်ထားပါသည်။
- လုပ်ငန်းကြီးကြေပ်မှုကော်မတီ၏ ညွှန်ကြားချက်များအတိုင်း အတိအကျ လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ထားပါသည်။
- လုပ်ငန်းဆောင်ရွက်ပြီးစီးပါက မြေများပြန်ဖို့ပြီးဒေသနှင့် လိုက်လျော ညီထွေ ဖြစ်သည့် နှစ်ရှည်ပင်များအားစိုက်ပျိုးထားရှိ၍ သက်ဆိုင်ရာဌာနများသို့ စနစ်တကျ လွှဲပြောင်းအပ်နှံဆောင်ရွက်ပါမည်။
- နှစ်စဉ်နှစ်ရှည်ပျိုးပင်(၂၀၀၀)အား ပျိုးခြံဖြင့် စနစ်တကျ ပျိုးထောင်ထားရှိ၍ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပါသည်။
- သန့်ရှင်းသောသောက်သုံးရေများ အစဉ်သဖြင့် ရရှိရေး စီမံဆောင်ရွက်ထားပါသည်။

၁၂.၄ ကုမ္ပဏီ၏ လူမှုရေးဆိုင်ရာတာဝန်များ ဆောင်ရွက်ခြင်း (CSR)

အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-

- လူမှုစီးပွားဖွံ့ဖြိုးရေးအစီအစဉ်များတွင် ဒေသတွင်းဖွံ့ဖြိုးရေး လုပ်ငန်းများ ဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်သောက်သုံးရေရရှိရေး နှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး အတွက် မြို့နယ်အတွင်းရှိ သက်ဆိုင်ရာ ဦးစီးဌာန၊ ကျေးလက် အုပ်ချုပ်ရေး အဖွဲ့များသို့ တင်ပြ၍ ညှိနှိုင်းဆောင်ရွက်သွားပါမည်။
- ဒေသခံလူထုနှင့်တွေ့ဆုံ၍ ၎င်းတို့၏ အမိကလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ ဒေသခံများနှင့် ပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်စေကာ ဒေသခံလူထု၏ လူနေမှုအဆင့်အတန်းကို မြင့်မားတိုးတက်စေရေး ဆောင်ရွက်ပါမည်။
- လူမှုဖွံ့ဖြိုးရေးအတွက် ကျေးလက်မူလတန်းကျောင်းများ ပြုပြင် တည်ဆောက်ခြင်း၊ ကျောင်းသုံးဖတ်စာအုပ်များ ခဲတံ၊ ဖောင်တိန်နှင့် ဗလာစာအုပ်များ ထောက်ပံ့ခြင်း၊ ရပ်ရွာ၏ သောက်သုံးရေ၊ ရေတွင်းရေကန်များတူးဖော်ခြင်း၊ ရပ်ရွာဆေးခန်းများ ပြုပြင်တည်ဆောက်ခြင်း၊ အခြေခံဆေးဝါးများ ပံ့ပိုးပေး ခြင်း၊ ရပ်ရွာယင်လုံအိမ်သာများ ပြုပြင်တည်ဆောက်ခြင်း စသည့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးရွာဒေသများတွင် သန့်ရှင်းသောရေ ရရှိရေး အစရှိသော ကဏ္ဍများကို တိုးတက်ကောင်းမွန်လာစေရေး ဆောင်ရွက်ပါမည်။
- CSR လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု မှတ်တမ်းအား နောက်ဆက်တွဲ(၈-၄)ဖြင့် ဖော်ပြထားပါသည်။

၁၃.၀ အကြံပြုချက်

သတ္တုတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ကျွမ်းကျင်သော ပညာရှင်များဖြင့် ရေးဆွဲထားသော သတ္တုတွင်း ပုံစံ(Mine Designs)များဖြင့် ချမှတ် ဆောင်ရွက်သင့်ပါသည်။ သတ္တုတွင်း ပုံစံများအား ကျွမ်းကျင်ပညာရှင်များဖြင့် ဆောင်ရွက်ခြင်းမရှိပါက သတ္တုများ ပျက်စီးလေလွင့်ခြင်း၊ ကြွင်းကျန်မှုများပြားခြင်း၊ ကုန်ကျစရိတ်များ ပိုမိုများပြားခြင်းတို့ကြောင့် ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု များပြားခြင်း၊ လုပ်သားနှင့် ပတ်ဝန်းကျင်လူထု၏ ကျန်းမာရေးကို ထိခိုက်နိုင်ခြင်း၊ မြေအောက်တူးဖော်ခြင်း လုပ်ငန်းများတွင် လှိုဏ်ခေါင်းများ ပြိုကျပိတ်မိခြင်း၊ ယမ်းငွေ့နှင့် ကျောက်မှုန့်များကြောင့် လုပ်သားများနှင့် ပတ်ဝန်းကျင် လူထုများ၏ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်စေပြီး အသက်အန္တရာယ် ဆုံးရှုံးသည်အထိ ဖြစ်သဖြင့် ကျန်းမာရေးမှူးများ ခန့်အပ်ထားသင့်ပါသည်။ သို့ဖြစ်ပါ၍ လုံခြုံရေးနှင့် ကျန်းမာရေးစီမံချက်များ ဆောင်ရွက်ပေးခြင်း၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ သင်တန်းများ ပို့ချပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ ခန့်အပ်ကာ ဝန်ထမ်းလုပ်သားများနှင့် ဒေသခံများ၏ ကျန်းမာရေးအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်သင့်ပါသည်။

ပြုစုတင်ပြသော ကနဦးပတ်ဝန်းကျင်စစ်ဆေးခြင်းအစီရင်ခံစာ (Initial Environmental Examination) သည် အောင်ထွန်းလင်းရှိန်ဝင်း မိုင်းနင်းအင်(နှ)ရီဖိုင်(နှ)နရီ ကုမ္ပဏီ၏ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ကန်တောင်ရွာနှင့် (၁)မိုင်ခန့် အကွာတွင် တည်ရှိသော ရွှေအသေးစားတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်း၊ သက်တမ်း(၇)နှစ် ကုန်ဆုံးပြီး ထုတ်လုပ်မှုအဆင့်သို့ အကောင်အထည် အပြည့်အဝဖော် ဆောင်ရွက်နိုင်ခြင်း မရှိသေးသော်လည်း ဒေသခံ လက်လုပ်လက်စားတွင်းများ ဝင်ရောက်တူးဖော်မှုကြောင့် Built Envrionment များအဖြစ် တွေ့ရှိရပြီး သက်ရောက်မှုအချို့ရှိနေသော စီမံကိန်းအဖြစ် တွေ့ရှိရပါသည်။ ကုမ္ပဏီအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု အသက်သာဆုံးဖြစ်မည့် (Underground Mining Method)ကို အသုံးပြုဆောင်ရွက်လျှက်ရှိသောကြောင့် လုပ်ငန်းသဘာဝအရ အချိန်ကာလ ကြာမြင့်နိုင်သဖြင့် သက်ရောက်မှု နည်းပါးစေရေး စီမံကိန်းတွင် ပါဝင်သော စီမံခန့်ခွဲမှု၊ မန်နေဂျာများ၊ အရာရှိများ၊ ဝန်ထမ်း လုပ်သားများ၏ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်များကို အလေးထား သိရှိလိုက်နာရန် အရေးကြီးပါသည်။

ကနဦးပတ်ဝန်းကျင်စစ်ဆေးခြင်း ဆောင်ရွက်သည့် အဖွဲ့အနေဖြင့် ဖြစ်ပေါ်လာနိုင်မည့် Impact များ ကာကွယ်ထိန်းသိမ်းလျော့ချနိုင်မည့် အစီအစဉ်များအား ပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်ရှုထောင့်မှ ရေးသားတင်ပြထားပြီး အလေးထား လိုက်နာဆောင်ရွက်ရန် အကြံပြုခြင်း စောင့်ကြပ်ကြည့်ရှုခြင်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ နိုင်ငံတော် အစိုးရနှင့် အကျိုးတူ ဆောင်ရွက် သော လုပ်ငန်းတစ်ခုဖြစ်သောကြောင့် နိုင်ငံတော်အစိုးရ၏ ကျွမ်းကျင်ပညာရှင်များ အဖွဲ့မှလည်း စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံတော်အတွက်၊ ဒေသအတွက်၊ ကုမ္ပဏီအတွက် ကောင်းကျိုးများ တိုးပွားစေမည့် စီမံကိန်းလုပ်ငန်းတစ်ခု ဖြစ်ခြင်းကြောင့် သင့်လျော် သော စီမံကိန်းသက်တမ်းအသစ် တိုးမြှင့် ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

၁၄.၀ နိဂုံး

အောင်ထွန်းလင်းရှိန်ဝင်း မိုင်းနင်းအင်(နှ)ရီဖိုင်(နှ)နရီ ကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်း ဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ကန်တောင်ဒေသ ရွှေအသေး စားလုပ်ကွက် SGU-4(B) အား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကနဦးပတ်ဝန်းကျင် စစ်ဆေးခြင်း(IEE) အစီရင်ခံစာ နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) အစီရင်ခံစာရေးသားရန်အတွက် (၈.၅.၂၀၁၇) မှ (၁၂.၅.၂၀၁၇)ထိ ဘူမိဗေဒပညာရှင်များ ပါဝင်သော ကွင်းဆင်းအဖွဲ့နှင့် သွားရောက် ခဲ့ပါသည်။ လက်ရှိအချိန်တွင် စီမံကိန်း လုပ်ကွက်သည် သက်တမ်းကုန်ဆုံးသဖြင့် ရပ်နားထားသည့် လုပ်ကွက်အခြေအနေများကို လေ့လာစစ်ဆေးခဲ့ပါသည်။ လုပ်ကွက်အနီးရှိ ကျေးရွာဒေသခံများနှင့် တွေ့ဆုံ၍ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူထုကျန်းမာရေး ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက် မည့် အစီအစဉ်များ နှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်များအား ချပြဆွေးနွေးခဲ့ပါသည်။

အောင်ထွန်းလင်းရှိန်ဝင်း မိုင်းနင်းအင်(နှ)ရီဖိုင်(နှ)နရီ ကုမ္ပဏီလီမိတက်၏ ရွှေသတ္တု အသေး စားတူးဖော်ထုတ်လုပ်မှုအား မူလသက်တမ်း(၃)နှစ်မှစ၍ စတုတ္ထအကြိမ်အထိ သက်တမ်းတိုး ဆောင်ရွက်ခဲ့ပြီး ထပ်မံသက်တမ်းတိုးခြင်း ဆောင်ရွက်ရန်အတွက် ကနဦးပတ်ဝန်းကျင် စစ်ဆေးခြင်း (IEE) အစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) အစီရင်ခံစာများအား ပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများအတိုင်း စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အောင်ထွန်းလင်းရှိန်ဝင်း မိုင်းနင်းအင်(နှ)ရီဖိုင်နရီ ကုမ္ပဏီလီမိတက်၏ စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေချိန်အတွင်းဖြစ်စေ၊ ပြီးဆုံးချိန်အတွင်းဖြစ်စေ ၊ပတ်ဝန်းကျင် ထိခိုက်မှုကိုဖြစ်စေမည့် ဆောင်ရွက်ချက်များကို ရှောင်ကျဉ်ခြင်းဖြင့် လည်းကောင်း၊ လျော့ချကာကွယ် ရေးနည်းလမ်းများကို အသုံးပြု၍လည်းကောင်း သဘာဝသယံဇာတများကို စနစ်တကျ တူးဖော် ထုတ်လုပ်ခြင်းအားဖြင့် လူတန်းစားအလွှာအသီးသီး အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိ စေခြင်း ဒေသအတွင်း လူမှုစီးပွားရေး ဘဝဖွံ့ဖြိုး တိုးတက်စေခြင်း၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ များ တိုးပွားရရှိစေခြင်း စသော အကျိုးကျေးဇူးများ ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ဦးဝင်းလွင်ဦး
မန်နေးဂျင်းဒါရိုက်တာ
အောင်ထွန်းလင်းရှိန်ဝင်းမိုင်းနင်းအင်(နှ)ရီဖိုင်(နှ)နရီ ကုမ္ပဏီလီမိတက်

ကတိကဝတ်

အောင်ထွန်းလင်းရှိန်ဝင်း မိုင်းနင်းအင်(နှ)ရီဖိုင်(နှ)နရီကုမ္ပဏီလီမိတက်သည် အကျိုးတူရွှေ အသေးစား လုပ်ကွက်အမှတ် (SGU-4B) အားလုပ်ငန်းသစ်အဖြစ် ပြန်လည်စတင် လုပ်ကိုင်နိုင်ရန် အတွက် ကနဦးပတ်ဝန်းကျင် စစ်ဆေးခြင်းကို ကုမ္ပဏီ၏ ကျွမ်းကျင်သူအဖွဲ့ ဖွဲ့စည်းကာဆောင်ရွက်ခဲ့ပြီး လိုအပ်သော အချက်အလက်နှင့် အထောက်အထားများကို တိကျခိုင်မာ ပြည့်စုံစွာ ရယူစေခဲ့ပါသည်။

ကနဦးပတ်ဝန်းကျင် စစ်ဆေးခြင်းကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၉.၁၂.၂၀၁၅)ရက်စွဲပါအမိန့်ကြော်ငြာအမှတ် (၆၁၆/၂၀၁၅) အပါအဝင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို တိကျစွာလိုက်နာ ဆောင်ရွက်ထားပါသည်။

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ ကနဦး ပတ်ဝန်းကျင် စစ်ဆေးခြင်း အစီရင်ခံစာပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချရေးလုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝ အစဉ်အမြဲ လိုက်နာဆောင်ရွက်ပါမည် ဖြစ်ကြောင်း ကတိဝန်ခံ လက်မှတ်ရေးထိုးပါသည်။

ဦးဝင်းလွင်ဦး
မန်နေးဂျင်းဒါရိုက်တာ
အောင်ထွန်းလင်းရှိန်ဝင်းမိုင်းနင်းအင်(နှ)ရီဖိုင်(နှ)နရီ ကုမ္ပဏီလီမိတက်

ကတိကဝတ်

အောင်ထွန်းလင်းရှိန်ဝင်း မိုင်းနင်းအင်(နှ)ရီဖိုင်(နှ)နရီ ကုမ္ပဏီလိမိတက်သည် အကျိုးတူရွှေ အသေးစားလုပ်ကွက် အမှတ် (SGU-4B)အား လုပ်ငန်းသစ်အဖြစ် ပြန်လည်စတင် လုပ်ကိုင်နိုင်ရန် အတွက် ကနဦးပတ်ဝန်းကျင် စစ်ဆေးခြင်းကို ကုမ္ပဏီ၏ ကျွမ်းကျင်သူအဖွဲ့ ဖွဲ့စည်းကာဆောင်ရွက်ခဲ့ပြီး လိုအပ်သော အချက်အလက်နှင့် အထောက်အထားများကို တိကျခိုင်မာ ပြည့်စုံစွာ ရယူပါသည်။

ကနဦးပတ်ဝန်းကျင် စစ်ဆေးခြင်းကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၉.၁၂.၂၀၁၅)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆၁၆/၂၀၁၅) အပါအဝင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို တိကျစွာ လိုက်နာ ဆောင်ရွက်ထားပါသည်။

ကျွမ်းကျင်သူအဖွဲ့သည် (၈.၅.၂၀၁၇) မှ (၁၂.၅.၂၀၁၇)နေ့အထိ စီမံကိန်းဒေသသို့ ကွင်းဆင်း ၍ အသေးစိတ် အချက်အလက်များအား စုဆောင်းကောက်ယူပြီး (၁၃.၅.၂၀၁၇)မှ (၁၆.၅.၂၀၁၇) ရက် နေ့ အထိ ကနဦးပတ်ဝန်းကျင်စစ်ဆေးခြင်း အစီရင်ခံစာအား ရေးသားပြုစုပါသည်။

ကျွမ်းကျင်သူအဖွဲ့အနေဖြင့် အစီရင်ခံစာပါ အချက်အလက်များမှာ တိကျမှန်ကန် ပြည့်စုံပါ ကြောင်း ကတိဝန်ခံ လက်မှတ်ရေးထိုးပါသည်။

ဦးခင်မောင်အေး
(ဝန်းကျင်ဗေဒပညာရှင်)

ဦးနေမျိုး
(ဝန်းကျင်ဗေဒပညာရှင်)

ဒေါ်သင်းသင်း
(ဝန်းကျင်ဗေဒပညာရှင်)

ကျမ်းကိုး စာရင်းများ

- ပြည်သူ့ကျန်းမာရေး ဥပဒေ(၁၉၇၂)
- အမျိုးသားပတ်ဝန်ကျင်ရေးရာမူဂါဒ
- သစ်တောဥပဒေ(၁၉၉၂)
- သတ္တုတွင်း ဥပဒေ(၁၉၉၄)
- သတ္တုတွင်း နည်းဥပဒေ(၁၉၉၆)
- ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေ(၂၀၀၆)
- အလုပ်သမား အဖွဲ့အစည်း ဥပဒေ(၂၀၁၁)
- လူမှုဖူလုံရေးဥပဒေ(၂၀၁၂)
- ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ(၂၀၁၂)
- အနည်းဆုံးအခကြေးငွေဥပဒေ(၂၀၁၃)
- ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေ(၂၀၁၃)
- ဓါတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ(၂၀၁၃)
- ပတ်ဝန်းကျင် ထိန်းသိမ်းရေး နည်းဥပဒေ(၂၀၁၄)
- ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(၂၀၁၅)
- သတ္တုတွင်း ဥပဒေအား ပြင်ဆင်သည့် ဥပဒေ(၂၀၁၅)
- အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်(၂၀၁၅)
- မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဥပဒေ
- တောရိုင်းတိရိစ္ဆာန် သဘာဝအပင်များ ထိန်းသိမ်းရေး ဥပဒေ(၁၉၉၄)
- အလုပ်သမားလျော်ကြေးငွေအက်ဥပဒေ(၁၉၅၁)
- မြေအောက်ရေအက်ဥပဒေ(၁၉၃၈)
- The Emergency Prevision Act (1950)
- The Explosive Substances Act (1908)

မှီငြမ်း စာအုပ်စာတမ်းများ

- Applied Environmental Training Course Level 1,2,3 (2017 March U Soe Aung REP, PG)

နောက်ဆက်တွဲ (က)

- ကုမ္ဏီမှတ်ပုံတင် အထောက်အထားများ (က-၁)
- စဉ့်ကူးမြို့နယ်မြေပုံ၊ကောင်းကင်ဓါတ်ပုံမြေပုံ၊လုပ်ကွက်ပြမြေပုံ (က-၂)
- မြေအောက်ရွှေသတ္တုတူးဖော်ခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ပုံ (က-၃)
- လုပ်ကွက်ဧရိယာအလိုက်မှတ်တမ်းဓါတ်ပုံများ (က-၄)

နောက်ဆက်တွဲ (ခ)

- ဖွဲ့စည်းမှုနှင့် တာဝန်များ (ခ-၁)
- ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးသားသော အဖွဲ့၏ ပညာအရည်အချင်း အထောက်အထားများ (ခ-၂)

နောက်ဆက်တွဲ (ဂ)

- ထိခိုက်နိုင်မှုများကို လျော့ပါးစေရေးဆောင်ရွက်မည့်အစီအစဉ်များ (ဂ-၁)
- ရေအရည်အသွေး ဓါတ်ခွဲခန်း စစ်ဆေးချက်ရလာဒ် (ဂ-၂)
- အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (ဂ-၃)
- စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ် (ဂ-၃)
- CSR (ဂ-၄)

ကုမ္ဗဏီမှတ်ပုံတင်အထောက်အထားများ

သက်တမ်းတိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ 004432

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

အမှတ် .....၁၃၉၇...../၁၉၉၈-၁၉၉၉

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ....အောင်ထွန်းလင်းရှိန်ဝင်း မိုင်းနှင်း အင်(နှ်)..ရီဖိုင်(နှ်)နရီ ကုမ္ပဏီ လီမိတက်.....အား ပေးရန်တာဝန် ကန့်သတ်ထားသော လီမိတက် ကုမ္ပဏီအဖြစ် ၁၉၉၉ နှစ်၊ ဖေဖော်ဝါရီ..လ၊ ၂၅..ရက်နေ့တွင် မှတ်ပုံတင်ထားခြင်းအား ၂၀၁၄..နှစ်၊...ဩဂုတ်...လ၊ ၂၉..ရက်နေ့မှစ၍ သက်တမ်းတိုး ခွင့်ပြုလိုက်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(နီလာမူ၊ ဒုတိယညွှန်ကြားရေးမှူး)
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

CERTIFICATE OF INCORPORATION

NO. .....1397..... of 1998-1999

I hereby certify that the tenure of .....AUNG HTUN LINN SHEIN WIN... ...MINING & REFINERY COMPANY LIMITED.....incorporated under the Myanmar Companies Act on .....25th FEBRUARY, 1999..... is renewed with effected from .....29th AUGUST, 2014.....

For Director General
(Nilar Mu, Deputy Director)
Directorate of Investment and Company Administration

ကုမ္ပဏီနှင့်သက်ဆိုင်သည့်အချက်အလက်များ

(က) အုပ်ချုပ်မှုဒါရိုက်တာအမည်၊ ဦးဝင်းလွင်ဦး (၁၂/မရကန(နိုင်)၀၀၇၀၃၀)

(ခ) ကုမ္ပဏီ ရုံးခန်းလိပ်စာ၊ အမှတ်(၁၅၂)၊ ၇၈-လမ်း၊ ၃၉-လမ်း နှင့် လမ်း-၄၀ ကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။.....

(ဂ) ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ၀၉-၅၁၂၆၅၅၂.....

(ဃ) ဒါရိုက်တာများ အမည်စာရင်း-(၁) ဦးဥက်ရီ.....
၁၂/ကမရ(နိုင်) ၀၄၃၄၅၇

မှတ်ချက်။ (၁) ဤကုမ္ပဏီမှတ်ပုံတင်လက်မှတ်သည်မှတ်ပုံတင်ရက်စွဲ(၁-၁၂-၂၀၁၄)မှ (၃၀-၁၁-၂၀၁၉)ရက်နေ့အထိ(၅)နှစ်သက်တမ်းအတွက်သာ ဖြစ်သည်။ သက်တမ်း မကုန်ဆုံးမီ (၃)လအလိုတွင် သက်တမ်းတိုးရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ လျှောက်ထား ရမည်။

(၂) ကုမ္ပဏီ အနေဖြင့် သင်းဖွဲ့မှတ်တမ်းတွင်အဆိုပြု တင်ပြထားသော လုပ်ငန်းရည်ရွယ်ချက်များကိုသာ လုပ်ကိုင်ရမည်။

(၃) သင်းဖွဲ့မှတ်တမ်းပါ ရည်ရွယ်ချက်များသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ခွင့်ပြုချက် ရရှိမှသာ ဆောင်ရွက်ခွင့် ရှိမည် ဖြစ်ပါသည်။

(၄) လုပ်ငန်းရည်ရွယ်ချက် ပြောင်းလဲ လုပ်ကိုင်လိုပါက ပြောင်းလဲ လုပ်ကိုင်လိုသည့် လုပ်ငန်း ရည်ရွယ်ချက်များအား သင်းဖွဲ့မှတ်တမ်းတွင် ပြင်ဆင်မှတ်ပုံတင်ရန်အတွက် ဒါရိုက်တာအဖွဲ့(BOD)၏ အထူး အစည်းအဝေး ဆုံးဖြတ်ချက် မှတ်တမ်းနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန သို့ လျှောက်ထား ရမည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(မော်မော်စိုး ၊ လက်ထောက်ညွှန်ကြားရေးမှူး)

လာရောက်ထုတ်ယူသည့် ရက်စွဲ၊ 02 SEP 2014

014500

FORM VI

RETURN OF ALLOTMENTS
THE MYANMAR COMPANIES ACT.

(See Section 104)

